မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၂၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်

နေပြည်တော် မေ ၂၁

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်သည် ၁၉၅၂ ခုနှစ် ဩဂုတ်၅ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါင်ချမ်းပြည်နယ် စတောင်းထရန်းခရိုင် ပီရမ်ကိုးဒေသ၌ မွေးဖွားခဲ့သည်။

ယင်းဒေသတွင် မူလတန်းအထိ သင်ကြားခဲ့ပြီးနောက် ၁၉၆၅ ခုနှစ်တွင် ဖနောင်ပင်မြို့သို့ သွားရောက်ကာ အလယ်တန်းနှင့် အထက်တန်းပညာများကို ဆက်လက် သင်ကြားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ စစ်ဘေးနှင့် ကြုံခဲ့ရသဖြင့် ၎င်းသည် အသက် ၁၈ နှစ်အရွယ်တွင် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် စတင် ပါဝင်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၇၅ ခုနှစ် ဧပြီ ၁၇ ရက်တွင် လွတ်မြောက်မှုရရှိခဲ့သည်။

အောင်ပွဲမတိုင်မီ တစ်ရက်အလိုဖြစ်သည့် ၁၉၇၅ ခုနှစ် ဧပြီ ၁၆ ရက်တွင် ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်သည် ဘယ်ဘက်မျက်လုံး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဆေးကုသမှုခံယူပြီး များမကြာမီတွင် ဝန်ကြီးချုပ်သည် ဘန်းရာနီနှင့် အိမ်ထောင်ကျခဲ့သည်။ ၎င်းတို့တွင် သားသုံးဦးနှင့် သမီး သုံးဦးတို့ရှိသည်။

ပေါလ်ပေါ့အစိုးရ၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့်မူဝါဒကို တွေ့မြင်ခဲ့ရသည့်အခါ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်သည် ကမ္ဘောဒီးယားနိုင်ငံနှင့် ပြည်သူတို့အား ကယ်တင်ရန်အတွက် ၁၉၇၇ ခုနှစ်တွင် လွတ်မြောက်ရေးလှုပ်ရှားမှုကို ဦးဆောင်ကြိုးပမ်းခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဆမ်ဒက်ဟွန်ဆင်သည် ကမ်ပူးချားအမျိုးသားကယ်တင်ရေး တပ်ပေါင်းစု (UFNSK) ကို ဦးဆောင် ဖွဲ့စည်းတည်ထောင်သူများတွင် တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ အခြားမျိုးချစ်တပ်ဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း၊ ဗီယက်နမ်အပျော်တမ်းတပ်ဖွဲ့များ၏ ပံ့ပိုးမှုကြောင့်လည်းကောင်း UFNSK အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံနှင့် ပြည်သူများအား ဒီမိုကရက်တစ် ကမ်ပူးချားအစိုးရလက်ထဲမှ ၁၉၇၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ကယ်တင်နိုင်ခဲ့သည်။

ဆမ်ဒက်ဟွန်ဆင်သည် ၁၉၇၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ကမ္ဘောဒီးယားနိုင်ငံ၏ အုပ်ချုပ်မှုယန္တရားတွင် ရာထူးမျိုးစုံဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့စဉ် ကမ္ဘောဒီးယားနိုင်ငံတွင် ငြိမ်းချမ်းမှုရရှိရေး၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည့် အခြေခံတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး သိသာထင်ရှားသော အောင်မြင်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဒေသအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင် စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများကို အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်ဆောင်ရွက် နိုင်ငံတော်က ပန်လုံဒေသနေပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးမည်

နေပြည်တော် မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ကွမ်းလုံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၁၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သံလွင်အရှေ့ခြမ်းဒေသနှင့် အနောက်ခြမ်းဒေသတို့ကို ဆက်သွယ်ထားသော ကွမ်းလုံကြိုးတံတားနှင့် ကွမ်းလုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

<u>**ကြည့်ရှုစစ်ဆေး**</u>

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကွမ်းလုံ–တောင်းကျဲ–နမ့်ဟူး ကားလမ်း အတိုင်း လမ်းပိုင်းအခြေအနေနှင့် လမ်းဘေးဝဲယာ ရော်ဘာနှင့် လိုက်ချီးစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်တိန်းတံတားသို့ ရောက်ရှိကြပြီး နမ့်တိန်းချောင်းပေါ်၌ တည်ဆောက်ထားသော နမ့်တိန်းတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို တံတားကြီးပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါနမ့်တိန်းတံတားမှာ အလျား ၄၃၂ ပေ၊ အကျယ် ၁၆ ပေနှင့် ခံနိုင်ဝန်မှာ တန်ချိန် ၃၆ တန်ရှိပြီး လားရှိုး–ကွမ်းလုံမြို့များနှင့် သံလွင်မြစ်အရှေ့ခြမ်း'ဝ'ဒေသများဖြစ်ကြသည့် မိုင်းမော၊ နမ့်တစ်၊ ပန်လုံ၊ ပန်ကောက်နှင့် ခြူးရွှေဒေသများနှင့် ဆက်သွယ်ရေးတွင် အရေးပါသော တံတားတစ်စင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ပန်လုံဒေသမှ ရပ်မိရပ်ဖများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မေလ ၂၁ ရက်)

ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ် လယ်ယာဥယျာဉ်ခြံမြေများဖြစ်ထွန်းရန် ကြိုးပမ်း

နိုင်ငံတော်အနေဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်အစား တည်တံ့ခိုင်မြဲသော လယ်ယာဥယျာဉ်ခြံမြေများအဖြစ် ပြောင်းလဲပေးနိုင်ရန် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေး စီမံကိန်းများကို ဖော်ဆောင်လျက် ရှိသည်။

ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းရှိ ကန့်ဘားကျေးရွာအုပ်စု ဆိတ်ဖူးတောင်ကျေးရွာနှင့် သံမရဲရွာအနီး၌ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် ကုန်းမြင့်လယ်ယာ ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လယ်မြေ ၆၄၂ ဧကနှင့် ယာမြေ၂၅၂ ဧက စုစုပေါင်း ၈၉၄ ဧက အထိ ဖော်ထုတ်ပေးနိုင်မည် ဖြစ်သည်။

ဒေသခံပြည်သူများ စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်း နွေစပါး၊ မိုးစပါး မျိုးစေ့များ၊ နှစ်ရှည်ပင် သီးနှံပျိုးပင်များနှင့် နည်းပညာများကို ပံ့ပိုးဖြည့်ဆည်းပေးလျက် ရှိသည်။

ယခင်ကတည်းက စိုက်ပျိုးဖြစ်ထွန်းခဲ့သော သရက်၊ အုန်း၊ ရော်ဘာ၊ တညင်း၊ သီဟိုဠ်၊ ဖာလာ၊ ကွမ်း စသည့်အပင်များ တိုးချဲ့စိုက်ပျိုးသွားကြရမည် ဖြစ်သည်။

သစ်တောထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လက်ရှိကုန်းမြင့်လယ်ယာများတွင် စားသုံးသီးနှံနှင့် သစ်တောများကို ရောနှောစိုက်ပျိုးသွားကြရမည် ဖြစ်သည်။ သစ်တောများ ပြုန်းတီးမှုမရှိစေရေး တောမီးရှို့ခြင်း၊ တောင်ယာခုတ်ခြင်း၊ အုတ်ဖုတ်ခြင်းနှင့် မီးသွေးဖုတ်ခြင်းများကိုလည်း ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ဒေသနေပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် ကုန်းမြင့်လယ်ယာမြေများကို လယ်ယာဥယျာဉ်ခြံမြေများ ဖြစ်ထွန်းလာစေရန် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်

ဦးခင်မောင်ရီအား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် ပါရမီလမ်း တိုက်(၄) အခန်း(၆) နေ ဇနီး ဒေါ်သဇင်မြင့်မောင်နှင့် သမီး ယမင်းသူ၊ စုသဲဖြူ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်း၊ ဆွမ်း၊ ရေ၊ မီး ပစ္စည်းလေးပါးနှင့် စာအောင်ဆုနှင်း ပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀ စုစုပေါင်း ကျပ်၁၅၀၀၀၀ကို ဝိနယကောဝိဒဆရာတော် ဘဒ္ဒန္တ အရိယဓမ္မထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကပ္ပတိန် ဦးကျော်မြဦး-ဇနီး ဒေါ်စန္ဒာ အေးတို့အား အမှူးပြု၍ East Wind Co., Goviken သင်္ဘောမှ အရာထမ်း၊ အမှုထမ်းများက သုံးထပ် ဘိုးဘွားဆောင်သစ်ကြီး အတွက် အလှူငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အမှုဆောင် အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာထုတ်ပေးရေး ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပံ့ပိုး

နေပြည်တော် မေ ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် မေ၁၈ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဒေသခံပြည်သူများ၏ အသက်၁၀နှစ်ပြည့်နှင့် အသက်၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှု၊ အသက်၁၀နှစ်မှ ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးမှုအတွက် မိတ္တူလျှောက်ထားမှု လုပ်ငန်းများဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။ (အောက်ပုံ)

ယင်းနောက် ဝန်ကြီးသည် မြို့နယ်ဦးစီးဌာနမှူးရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံရာ မန္တလေးတိုင်းဦးစီးဌာနမှူး ဦးဘိုရွှေနှင့် ကျောက်ဆည်ခရိုင်ဦးစီးဌာနမှူး ဦးစိုးဦးတို့က မန္တလေးတိုင်းနှင့် ကျောက်ဆည်ခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နိုင်ငံတစ်ဝန်း နိုင်ငံသား စိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပံ့ပိုး၍ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရေး မှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် တိုင်းဦးစီးဌာနမှူး ဦးဘိုရွှေက စိစစ်ရေးလက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ် ဦးစီးဌာနမှူးရုံး မှတ်တမ်းတင်ခန်း အခြေအနေနှင့် ရုံးအဆောက်အအုံ ပတ်ဝန်းကျင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်း တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စိစစ်ထုတ်ပေးနိုင်

မန္တလေးတိုင်းအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူ လျင်မြန်စွာထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းများကို စနစ်တကျ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်မြို့နယ်အတွင်း မေ၁ရက်က ဒေသခံပြည်သူ ၃၅၀ တို့အား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ စိစစ် ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၂၁-၅-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနှာဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၁၅	၁၀။	မိုးလေဝသသတင်း
၆း၂၀	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၁၉)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	မေးမြန်းစုံစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၇)

● **ရှေ့ဖုံးမှ**

ငင်းသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပါရီငြိမ်းချမ်းရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူတစ်ဦးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ယင်းသဘောတူညီချက်နှင့် ၁၉၉၃ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ရလဒ်အရ ၁၉၉၃ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ ငင်းသည် ကမ္ဘောဒီးယားနိုင်ငံ ပူးတွဲဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ထို့နောက် ပထမဦးဆုံး ညွန့်ပေါင်းအစိုးရ၏ ထိုစဉ်က ဝန်ကြီးချုပ်(၂)အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၉၈ခုနှစ် ဇူလိုင်လတွင် ငင်းဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ကမ္ဘောဒီးယားပြည်သူ့ပါတီနှင့် ဖွန်ဆင်ပက် ပါတီတို့၏ ညွန့်ပေါင်းအစိုးရတွင် တစ်ဦးတည်း ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ငင်း၏အစိုးရကိုလည်း စီးပွားရေးကိုဦးတည်သည့် အစိုးရအဖြစ် ကြေညာခဲ့သည်။ ငင်း၏ခေါင်းဆောင်မှုအောက်တွင် ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအဖွဲ့၏ ၁၀နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

၂၀၀၃ခုနှစ် ဇူလိုင်လတွင် ပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲတွင် ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ ဝန်ကြီးချုပ် ကိုယ်စားလှယ်လောင်းအဖြစ် ငင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘောဒီးယားပြည်သူ့ပါတီ ဆက်လက်အောင်ပွဲဆင်ရန် ဦးဆောင်နိုင်ခဲ့သည်။ ရွေးကောက်ပွဲအပြီး ၁၁လကြာသည့်အခါ ဖွန်ဆင်ပက်ပါတီနှင့် ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၀၄ခုနှစ် ဇူလိုင် ၁၅ရက်တွင် အမျိုးသားလွှတ်တော်က ငင်းအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခန့်အပ်ခဲ့ပြီး ကမ္ဘောဒီးယားပြည်သူ့ပါတီနှင့် ဖွန်ဆင်ပက်ပါတီတို့၏ တတိယအကြိမ် ညွန့်ပေါင်းအစိုးရကို အသိအမှတ်ပြုခဲ့သည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပြင်းထန်စွာ ကြိုးပမ်းအားထုတ်နိုင်မှုနှင့် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့မှုများအတွက် ဘုရင်ဆမ်ဒက် ပရယ်နိုရိုဒွမ် သီဟာနုက ငင်းအား "ဆမ်ဒက်" ဘွဲ့ထူးကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ငင်းသည် ကမ္ဘောဒီးယားတက္ကသိုလ်ပညာရေးနှင့်ပတ်သက်၍ နိုင်ငံရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၉၁ခုနှစ်တွင် ဟန္ဂေရီးမြို့ရှိ အမျိုးသားနိုင်ငံရေးသိပ္ပံမှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည်။

ငင်းသည် ၁၉၉၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုတောင်ပိုင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ နိုင်ငံရေးဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကိုလည်းကောင်း၊ အိုင်ယိုးဝါးပြည်နယ် ဝက်စလီယမ်ကောလိပ်မှ ဥပဒေဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၁၉၉၆ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့ငြိမ်းချမ်းရေးအကယ်ဒမီက ငင်းအား ကမ္ဘာ့ငြိမ်းချမ်းရေးဆုကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အခြားနိုင်ငံများရှိ ပညာရေးဘက်ဆိုင်ရာတက္ကသိုလ်များကလည်း ငင်းအား ကမ္ဘောဒီးယားနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဦးစီးခေါင်းဆောင်ကာ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့အများအပြားကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် မေ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ–တရုတ် နှစ်နိုင်ငံအစိုးရ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးရုံး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ရန် မေ ၁၉ရက် မွန်းတည့် ၁၂နာရီက နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

✡ **ရှေ့ဖုံးမှ**

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာလာခဲ့ကြရာ နံနက် ၉နာရီခွဲတွင် ဟိုပန်မြို့သို့ ရောက်ရှိကြပြီး ဟိုပန်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အခက်အခဲများ မေးမြန်းပြီး ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုပန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟိုပန်–ပန်ကောက်လမ်းအတိုင်း လမ်းတစ်လျှောက် ဘိန်းအစားထိုးသီးနှံဖြစ်သည့် စက်မှုကုန်ကြမ်းသီးနှံရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ နွေစပါးစိုက်ခင်းများကိုလည်းကောင်း၊ ဟိုပန်–မိုင်းမောလမ်း၏ လမ်းပန်းဆက်သွယ် သွားလာမှု အခြေအနေများကိုလည်းကောင်း၊ မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ ဟိုပန်မြို့နယ် ပန်ကောက်ကျေးရွာသို့ ရောက်ရှိကြပြီး ပန်ကောက်ကျေးရွာမှ ရပ်မိရပ်ဖများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟိုပန်–ပန်ကောက်–ခြူးရွှေ–ပန်လုံ ကားလမ်းအခြေအနေကိုလည်းကောင်း တောင်ယာလှေကားထစ်နည်းဖြင့် နွေစပါးစိုက်ပျိုးထားရှိမှုတို့ကို လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီတွင် ဟိုပန်မြို့နယ် ပန်လုံသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်လုံအခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ဟိုပန်မြို့နယ်မှ ဌာနဆိုင်ရာများနှင့် ပန်လုံဒေသမှ ရပ်မိရပ်ဖများ၊ ဒေသခံ 'ဝ'နှင့် ကိုးကန့်တိုင်းရင်းသားများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပန်လုံဒေသ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ အခြေအနေများနှင့် ဒေသ၏ လိုအပ်ချက်များကို မေးမြန်းရာ မြို့နယ်ဌာနဆိုင်ရာများက ရှင်းလင်း တင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပန်လုံဒေသ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များအလိုက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အေးချမ်းစွာလုပ်ကိုင်နိုင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ပန်လုံဒေသသည် ယခင်က ရှာငယ်အဆင့်မှ ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ရ၍ လွန်စွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယခင်က ဒေသငြိမ်းချမ်းမှုမရရှိ၍ ဒေသနေ တိုင်းရင်းသားပြည်သူများသည် ကြီးလန့်စာစားနေရသည့်ဘဝမှ ယခုအခါ ငြိမ်းချမ်းရေးရရှိခဲ့ပြီဖြစ်၍ မိမိတို့၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို အေးချမ်းပျော်ရွှင်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း။

နိုင်ငံတော်ကလည်း ဒေသနေတိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်ကိစ္စအဝဝကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထိုကဲ့သို့နိုင်ငံတော်မှ ပန်လုံဒေသနေ ပြည်သူများအပေါ် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနေသလို ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် မိမိတို့တတ်စွမ်းနိုင်သည့်ဘက်မှ ဒေသ၏အေးချမ်းသာယာမှုကို ကူညီဆောင်ရွက် သွားကြစေလိုကြောင်း၊ ပန်လုံဒေသအပါအဝင် သံလွင်မြစ်အရှေ့ခြမ်းကို ယခုကဲ့သို့ အစဉ်ထာဝရ အေးချမ်းသာယာမှုကို မြင်တွေ့နေလိုပါကြောင်းဖြင့် ပြောကြားသည်။

ငွေပဒေသာပင်ထောက်ပံ့

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပန်လုံဒေသ၏ပညာရေးအတွက် ပညာရေးငွေပဒေသာပင်များကို ဟိုပန်မြို့နယ်ပညာရေးမှူး ဒေါ်အင်ဂျီးတောင်ထံသို့လည်းကောင်း၊ ကျန်းမာရေးအတွက် ငွေပဒေသာပင်များကို ပန်လုံတိုက်နယ်ဆရာဝန် ဒေါက်တာအောင်ဆန်းမင်းထံသို့လည်းကောင်း ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပန်လုံဒေသမှ ရပ်မိရပ်ဖများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့်ကျောင်းသုံးဗလာစာအုပ်များ အသီးသီးပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်လုံမှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဟိုပန်–ချင်းရွှေဟော် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၃နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)'ဝ' ဒေသ နမ့်တစ်မြို့သို့ ရောက်ရှိကြသည်။

ဆွေးနွေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ့်တစ်မြို့ အထူးဒေသ(၂) ရုံးဧည့်ခန်းမ၌ နမ့်တစ်မြို့ အုပ်ချုပ်ရေးမှူး ဦးအိုက်ရုံးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ့်တစ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ့်တစ်ဒေသ၌ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထားသည့် စက်မှုကုန်ကြမ်းသီးနှံရော်ဘာစိုက်ခင်းများကိုလည်းကောင်း၊ လှေကားထစ် တောင်ယာစနစ်ဖြင့် နွေစပါးများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

စိုက်ပျိုးထား

ရှမ်းပြည်နယ် (မြောက်ပိုင်း) သံလွင်အရှေ့ခြမ်းဒေသဖြစ်သည့် ဟိုပန်နှင့် နမ့်တစ်ဒေသတို့၌ ဘိန်းအစားထိုးသီးနှံအဖြစ် စက်မှုကုန်ကြမ်းသီးနှံရော်ဘာကို အဓိကထား စိုက်ပျိုးလျက်ရှိရာ ဟိုပန်ဒေသ၌ ၃၇၁၃ ဧက၊ နမ့်တစ်ဒေသ၌ ၅၁၅၂ ဧက စိုက်ပျိုးထားလျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ့်တစ်မြို့ ယုံလင်းရော်ဘာစက်ရုံသို့ ရောက်ရှိကြပြီး ပြည်ပပို့ကုန်ရော်ဘာထုတ်လုပ်မှုအဆင့်ဆင့်တို့ကို စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ နမ့်တစ်မြို့ ယုံလင်းရော်ဘာစက်ရုံသည် တစ်နှစ်လျှင် တန် ၄၀၀ မှ တန် ၈၀၀ အထိ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ကွမ်းလုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မေ ၁၉ရက်က ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ် (၁၉) သင်တန်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင် ဦးတင်လှိုင် သင်တန်းပို့ချစဉ်။ (က–ပ)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အပ်စိုက်ကုသနည်း သင်တန်းပို့ချမည်

ရန်ကုန် မေ ၂၀

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ စူပါဝမ်း တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းတွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ညနေ ၄နာရီမှစတင်၍ မေ့ဆေးပါမောက္ခ အပ်စိုက်အထူးကု ဒေါက်တာအောင်မြတ်သွင် ကိုယ်တိုင် ကြီးကြပ်ကာ ဝေဒနာရှင်များအား အပ်စိုက်ကုထုံးဖြင့် ကုသပေးလျက်ရှိရာ ကုသမှုထိရောက်သဖြင့် ရောက်လာသော ဝေဒနာရှင်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စိတ်ပါဝင်စားသော ဆရာဝန်များအား အပ်စိုက်ကုသနည်းကို ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း၌ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်းနှင့် စိတ်ဝင်စားသော ဆရာဝန်များသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃၊ ၀၉–၅၁–၀၂၁၉၇တို့သို့ ဆက်သွယ်၍ တက်ရောက်နိုင်ကြောင်းသိရသည်။ **(က–ပ)**

အလုပ်မရှိ သန်းရှာနေကြသူများ

တကယ်တော့ နေ့စဉ်ထုတ်သတင်းစာများ၏ စာမျက်နှာများပေါ်မှ ဆောင်းပါးမရေးလိုပါ။ သို့သော် ယခုတော့ မရေးလျှင်မဖြစ်တော့သည့် အကြောင်းက ပေါ်လာချေပြီ။ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများ သိစေချင်သည့် စေတနာဖြင့် ရေးလိုက်ရပါသည်။

၃-၅-၂၀၀၇ရက်နေ့ညက ပြည်ပအသံလွှင့်ဌာန တစ်ခုဖြစ်သော DVB မှ ထုတ်လွှင့်သွားသည့် သတင်းတစ်ပုဒ်ကို တင်ပြပါရစေ။ ထိုသတင်းတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးအနက် စာရိတ္တအနိမ့်ကျဆုံးနိုင်ငံ ငါးနိုင်ငံ၌ မြန်မာနိုင်ငံပါဝင်နေကြောင်း၊ ထို့ကြောင့် ယင်းနိုင်ငံ ငါးနိုင်ငံတွင် မြန်မာနိုင်ငံသည် အောက်ဆုံးနိုင်ငံမဖြစ်သဖြင့် တော်သေးကြောင်း၊ ထိုသို့ အောက်ဆုံး အနိမ့်ကျဆုံးနိုင်ငံမဖြစ်စေရန် အမျိုးသားနိုင်ငံရေး အမည်ခံ ပုဂ္ဂိုလ်တစ်ဦးက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဩဝါဒညွှန်ပြပေးပါရန် လိုက်လံလျှောက်တင်နေကြောင်း ထုတ်လွှင့်သွားခဲ့ပါသည်။

ဘယ်အဖွဲ့အစည်းက ဘယ်ပေတံနှင့်တိုင်းပြီး ဘယ်လိုစစ်တမ်း ထုတ်လိုက်သည်မသိ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများအား အကြီးအကျယ် စော်ကားလိုက်ခြင်းပင် ဖြစ်သည်။ ထိုသတင်းကို နိုင်ငံခြားအသံလွှင့်ဌာနမှ မြန်မာလူမျိုးများကလည်း ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လွှင့်သည်။ ပြည်တွင်းမှ မြန်မာလူမျိုးတစ်ဦးကလည်း ကိုယ့်ဘာသာဝင် ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်အား စော်ကားနေသည်ကို သာသနာ့အာဇာနည် အရှင်သူမြတ်များထံ လိုက်လံလျှောက်တင်ဝံ့သည်။

ထိုအဖွဲ့အစည်း၊ ထိုအသံလွှင့်ဌာနနှင့် ထိုလိုက်လံလျှောက်တင်နေသူတို့ကို **"အလုပ်မရှိ သန်းရှာနေသူများ"**ဟု ခပ်ရိုးရိုးပင် ကင်ပွန်းတပ်ပေးလိုက်ချင်သည်။ ထိုအဖွဲ့အစည်းကို (Mr.သန်းရှာသူများ)ဟုလည်းကောင်း၊ ပြည်ပအသံလွှင့်ဌာနမှ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများကို (ကိုသန်းရှာသူများ)ဟုလည်းကောင်း၊ ပြည်တွင်းမှ အလုပ်မရှိသန်းရှာသူကိုတော့ (ဦးသန်းရှာသူ)ဟုလည်းကောင်း ဆက်လက်ခေါ်တွင် သုံးစွဲသွားပါမည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅သန်းကျော် ရှိပါသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများအား မိမိတို့ယုံကြည်ရာ ဘာသာတရားများအား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့် ပြုထားရာ လူဦးရေ ၉၀ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါသည်။ ထို့သို့ဆိုလျှင် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင် အများစု နေထိုင်ရာ နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း ထင်ရှားပေသည်။

ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံဖြစ်သည့် အလျောက် **"ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး"**အား ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့မှ ၁၁ရက်နေ့အထိ ရန်ကုန်မြို့ရှိ သမိုင်းဝင်ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူ ကြီးမှူး၍ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

နိုင်ငံပေါင်း ၃၈နိုင်ငံမှ ဗုဒ္ဓဘာသာ ဦးသျှောင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊ သံဃာတော်များ၊ သီလရှင်များ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ နိုင်ငံခေါင်းဆောင်များ၊ အထက်တန်း ဗုဒ္ဓဘာသာသုတေသီပညာရှင်များနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြပါသည်။

"If you want to see living Buddhism,go to myanmar" (သက်ဝင်ရှင်သန်နေတဲ့ ဗုဒ္ဓဘာသာကို မြင်တွေ့ချင်ရင် မြန်မာပြည်ကို သွားပါ) ဟူသည့် နိုင်ငံခြားသုတေသီတို့၏ အဆိုအမိန့်များကိုလည်း **"ထေရဝါဒဓမ္မစာစောင်"** အတွဲ(၁) အမှတ်(၃) တွင်ပါရှိသော ပါမောက္ခ ဒေါက်တာမင်းတင်မွန်၏ **"ကမ္ဘာတစ်ဝန်း သာသနာတော် ထွန်းတောက်ရေး ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ"** ဆောင်းပါး၌ လေ့လာဖတ်ရှုခဲ့ရဖူးပါသည်။ ထို့သို့ဆိုလျှင် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ ထွန်းကားရာ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ် တည်ရှိနေကြောင်း ထင်ရှားလှပေသည်။

ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရများကို စစ်တမ်းထုတ်သည့် အဖွဲ့မှ (Mr. သန်းရှာသူများ)၊ ပြည်ပအသံလွှင့်ဌာနမှ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး(ကိုသန်းရှာသူများ)နှင့် ပြည်တွင်းမှ NLDပါတီဝင် ဗုဒ္ဓဘာသာ မြန်မာလူမျိုး(ဦးသန်းရှာသူ)တို့ သိရှိရန် အကျဉ်းမျှ ဖော်ပြပါအံ့။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရား၊ တရား၊ သံဃာတည်းဟူသော သရဏဂုံသုံးပါးကို ဆောက်တည်ကြသည်။ အနန္တော အနန္တ ငါးပါးကို ဆည်းကပ်ပူဇော် ကိုးကွယ်ကြသည်။ ငါးပါးသီလကို စောင့်ထိန်းကြသည်။ ကံ ကံ၏အကျိုးကို ယုံကြည်ခံယူကြသည်။ သီလ၊ သမာဓိ၊ ပညာတို့ဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာအမှန် မြတ်နိဗ္ဗာန်ကို ရည်စူး၍ ဝိပဿနာတရားများကို စီးဖြန်းပွားများ ကျင့်ကြံအားထုတ်ကြသည်။

ဤမျှလောက် ကောင်းမြတ်သောတရားများကို လက်ကိုင်ပြု၍ ယုံကြည်သက်ဝင်နေသော ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ မြန်မာနိုင်ငံအား စာရိတ္တအနိမ့်ကျဆုံးငါးနိုင်ငံစာရင်း သွတ်သွင်းကြသည်ကို နားမလည်နိုင်ပါ။ ရှင်းပါသည်၊ ၎င်းတို့သည် မိစ္ဆာဒိဋ္ဌိများဖြစ်နေကြခြင်းကြောင့်ပင် ဖြစ်သည်။ အယူအဆ မှားယွင်းနေကြသူများ ဖြစ်သည်။ ထိုအယူအဆ မှားယွင်းနေကြသော မိစ္ဆာဒိဋ္ဌိများအား အခါအခွင့်သင့်၍ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ **"ကဲ့ရဲ့ချီးမွမ်းရာမှာ သတိထားရမည့် သတိတရား"** ဆိုင်ရာ အဆုံးအမလင်္ကာလေးကို ဖော်ပြပါအံ့။

သဒ္ဓါလွန်ကဲ ပညာနည်း တလွဲယုံတတ်သည်။
ပညာလွန်ကဲ သဒ္ဓါနည်း စဉ်းလဲကောက်ကျစ်သည်။
သတိတရား ထိုနှစ်ပါး စွမ်းအားညှိပေးသည်။

တဲ့ မှတ်သားကြရန် လိုအပ်ပေသည်။ အထူးသဖြင့် (ကိုသန်းရှာသူများ)နှင့် (ဦးသန်းရှာသူ)တို့ အထူးသင်ခန်းစာယူ မှတ်သားသင့်ကြသည်။ ဘယ့်နဲ့...

သင်ကိုယ်သူ

ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကို စော်ကားတဲ့အကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လွှင့်သူကလည်း ထုတ်လွှင့်၊ သာသနာ့တာဝန် ထမ်းဆောင်နေသည့် ဆရာတော်ကြီးများထံ လိုက်လံလျှောက်တင်သူကလည်း လျှောက်တင်ရဲတာ အင်မတန်ရှက်ဖွယ် ကောင်းပါသည်။ (Mr. သန်းရှာသူများ)(ကိုသန်းရှာသူများ)နှင့် (ဦးသန်းရှာသူ)တို့ သုံးဦးသုံးဖလှယ် မသူတော်အချင်းချင်း သတင်းလွှ့လွှ့ ပေါင်းဖက်တွေ့နေကြသည်ကို ကြားရတော့ မိမိဖတ်ရှုမှတ်သားခဲ့ရသော **"သုံးကောင်ဖြစ်သွားကြသူများ"** အကြောင်းကို သတိရလာမိသဖြင့် မသူတော်သုံးဦးအတွက် လက်ဆောင်လေး ပေးလိုက်ပါဦးမည်။

အရှင်ဇဝန(မေတ္တာရှင်)ရွှေပြည်သာ ရေးသားပြုစုတော်မူသော **"ဘဝနှင့် ရင်းရသော အတွေးအမြင်များ"** အတွဲ(၁)စာအုပ်မှ စာမျက်နှာ ၁၂၂ ၌ **"သုံးကောင်ဖြစ်သွားကြသူများ"**ခေါင်းစဉ်ငယ်ဖြင့် ဆုံးမတော် မူထားသောစာပိုဒ်တွင် အင်းဝခေတ်က တောင်ဖီလာ ဆရာတော်ကြီးသည် ခွေးများကိုအစာကျွေးရင်း ကြီးသောခွေးက ငယ်သောခွေးကို အနိုင်ကျင့်ပြီး

မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ဂုဏ်တော်ကိုးပါး ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရားအား သက်တော်ထင်ရှား ရှိနေသည့်အလား အားကိုးယုံကြည်ကိုးကွယ်နေသူများဖြစ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များအား နုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းမပြုဘဲ သာသနာ့ တာဝန်ထမ်းဆောင်လျက် အဆုံးအမပေးတော်မူနေကြသော သံဃာတော် အရှင်သူမြတ်များ၏ တရားဓမ္မအမွေအရိပ်အောက်တွင် စာရိတ္တမြင့်မားစွာဖြင့် ပြောဆိုကျင့်ကြံ အားထုတ်နေထိုင်နေကြ။

ကိုက်သောအခါ တဟဲ့ဟဲ့ဖြင့် မောင်းနေရ၏။ တချို့ ခွေးကြီးများကား ဘယ်လောက်မောင်းမောင်းမရ၊ ပိုဆိုးလာ၏။ ထိုအခါ ဆရာတော်ကြီးသည် စိတ်တိုသွားသဖြင့် တောင်ဝှေးကို ကိုင်မြှောက်ရင်း **"တယ်-ဒီခွေးတွေ ရိုက်လိုက်ရ ငါပါသုံးကောင်ဖြစ်သွားရော့မယ်"**ဟု ညည်းတွားရှာလေသည်။ ပညာရှိတို့မည်သည် သတိနှင့် ဆုံးမတရားကို တစ်ပြိုင်နက် ဖြစ်ပေါ်စေကြောင်း ပညာပေးထားသည်။ ဆက်လက်၍ အရှင်ဇဝနက အများ မိုးခါးရေသောက်လို့ ကိုယ်လည်းသောက်တာ ကောင်းပါတယ်ဆိုပြီး မကောင်းမှုတွေ လုပ်မိကြ၍ မိမိကိုယ်ကို သုံးကောင်ဖြစ်စေသူများအကြောင်း ရေးသားထားသည်ကို သတိရမိသဖြင့် အခုလည်း သုံးကောင်အတိ ဖြစ်နေသောကြောင့် စိတ်ထဲမှကြိတ်၍ ပြုံးမိပါသေးသည်။

တကယ်တော့ အဆင်းရဲဆုံးနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ၊ နိုင်ငံသားတစ်ဦးချင်း ဝင်ငွေအနည်းဆုံးနိုင်ငံ အစရှိသဖြင့် စစ်တမ်း ကောက်ယူခြင်းလုပ်ငန်းသည် လောဘ၊ ဒေါသ၊ မောဟကင်းရှင်း၍ သမာသမတ်ရှိဖို့လိုသည်။ ယင်းနိုင်ငံတို့၏ လိုအပ်ချက်များကို ကျန်နိုင်ငံများက ဝိုင်းဝန်းဖြည့်ဆည်း ဖေးမကူညီခြင်းဖြင့် ကောင်းမွန်သော လူ့ဘောင်တစ်ရပ် ဖြစ်ပေါ်စေသည့် လုပ်ငန်းရပ်၏ အခြေခံစာရင်းပင် ဖြစ်သည်။ နှိမ့်ချကဲ့ရဲ့ ရှုတ်ချရန်မဟုတ်။ မိမိတို့ လိုလားသောစနစ်နှင့် ဘက်တော်သားမဟုတ်လျှင် သာသာထိုးထိုးလေး ထိုးနှက်ကြရန် မဟုတ်ပေ။

မရေးချင်ဆုံးကို ရေးရပါဦးမည်။ မိစ္ဆာဒိဋ္ဌိတို့ ထုတ်ပြန်သောစစ်တမ်းများကို အဘယ်ပေတံ၊ အဘယ်စံ၊ အဘယ်အခြေအနေတို့ပေါ် အခြေခံ၍ ကောက်ယူထုတ်ပြန်ကြသနည်း။ လောကတွင် အကောင်းအဆိုးဟူသည် ထာဝစဉ် ဒွန်တွဲလျက်ရှိသည်။ မိစ္ဆာဒိဋ္ဌိတို့၏ စံပြုတိုင်းတာချက်သည် လူဦးရေ ၅၅သန်းကျော်ရှိသည့် မြန်မာနိုင်ငံသားတို့အား ကိုယ်စားမပြုနိုင်ကြောင်း သဘ္ဗာဗေဒ သဘောတရားအရ ရှင်းလင်းစွာနားလည်သင့်သည်။ ပြန်လည် မေးခွန်းထုတ်လိုပါသည်။

- **အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ သေစေမှုများ၊ အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ပါသလား၊**
- **မိမိလိုလားသောစနစ်နှင့် အုပ်ချုပ်သည့်နိုင်ငံမဟုတ်လျှင် အမှန်ကို အမှားဖြစ်အောင် ပုံကြီးချဲ့လိမ်ညာလှည့်ဖြား၍ ကျူးကျော်နေသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ပါသလား၊**
- **(Living Together)ဆိုသည့် လူနေမှုပုံစံနှင့် ဓလေ့စရိုက်ကို တီထွင်နေထိုင်နေကြသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ပါသလား၊**
- **လိင်ပျော်ပါးမှုနှင့် လောင်းကစားဝိုင်းကြီးများကို တရားဝင်ခွင့်ပြု၍ ညှော်သည်များအား မြူဆွယ်နေသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ပါသလား၊**
- **အရက်နှင့်စီးကရက်တို့ကို အပြိုင်အဆိုင်ကြော်ငြာ၍ အကြီးအကျယ် ထုတ်လုပ်နေသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ကြပါသလား၊**
- **နိုင်ငံတစ်နိုင်ငံအား ကျူးကျော်တိုက်ခိုက် ကိုလိုနီပြု၍ ယင်းနိုင်ငံ၏ သယံဇာတနှင့် သာသနိကအမွေအနှစ်များကို ခိုးယူခဲ့ဖူးသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ကြပါသလား၊**

ဖော်ပြရလျှင် ဆုံးမည်မဟုတ်ပါ။ ဤမျှလောက်ဖြင့် လုံလောက်ပြီဟုထင်ပါသည်။ Mr. သန်းရှာသူများခင်ဗျား- အထက်ကဖော်ပြခဲ့တဲ့ မေးခွန်းအချက်အလက်တွေဟာ Gentlemen တို့ရဲ့ တိုင်းပြည်မှာ ဖြစ်ပေါ်နေခဲ့တယ်ဆိုရင် လူကြီးမင်းတို့ရဲ့နိုင်ငံကို စာရိတ္တအနိမ့်ကျဆုံး နိုင်ငံများစာရင်းမှာ၊ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အောက်မှာ အမြင်မှန်ရစွာဖြင့် နေရာယူထည့်သွင်းလိုက်ကြပါ။ ဒါဆိုရင် ကျွန်တော်တို့မြန်မာ နိုင်ငံသားများ ကျေနပ်ကြပါလိမ့်မည်။

သိရှိသင့်သူများ သိရှိကြရန် သတိပေးနှိုးဆော်ပါသည်။ တစ်နိုင်ငံမှ တစ်နိုင်ငံ၏ နိုင်ငံရေး၊ ပြည်တွင်းရေး၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်နှင့် သိက္ခာများကို ထိပါးစော်ကားခြင်းသည် သူတော်ကောင်းတရား မဟုတ်ပါ။ အထူးသဖြင့် နိုင်ငံခြားအသံလွှင့်ဌာနများရှိ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သော မြန်မာများနှင့် ပြည်တွင်းမှဗုဒ္ဓ ဘာသာဝင် မြန်မာလူမျိုးတို့သည် မျိုးချစ်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှုနှင့် ဘာသာတရားများအပေါ် နက်နက်ရှိုင်းရှိုင်းလေးစားခံယူ ကျင့်ကြံပြောဆိုနေထိုင်ကြဖို့ လိုအပ်လှပါသည်။

ကျွန်တော်တို့ **မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ဂုဏ်တော်ကိုးပါး ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရားအား သက်တော်ထင်ရှား ရှိနေသည့်အလား အားကိုးယုံကြည် ကိုးကွယ်နေသူများ ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များအား နုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းမပြုဘဲ သာသနာ့ တာဝန်ထမ်းဆောင်လျက် အဆုံးအမပေးတော်မူနေကြသော သံဃာတော် အရှင်သူမြတ်များ၏ တရားဓမ္မအမွေအရိပ်အောက်တွင် စာရိတ္တမြင့် မားစွာဖြင့် ပြောဆိုကျင့်ကြံအားထုတ်နေထိုင်နေကြကြောင်း ကမ္ဘာသူ ကမ္ဘာသားအပေါင်းအား သိစေအပ်ပါသတည်း။** ။

သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

လိုက်လံကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးသည် နံနက်၆နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်း ခရိုင် လှိုင်သာယာမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့သို့ ရောက်ရှိလာပြီး မြို့နယ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ စုပေါင်း၍ သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် လှိုင်သာယာမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိလာရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က တိုင်း၊ ခရိုင်၊ မြို့နယ်များအတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုတင်ကာကွယ်

ယင်းနောက် လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ် ဆရာဝန် ဒေါက်တာကြည်စန်းထက်က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လှိုင်သာယာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမျိုးသိန်းက ရေစီးရေလာ ကောင်းမွန်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုများက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု ရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ အကောက်ခွန်ဦးစီးဌာန၏ အကြိမ်(၂၀) မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်းရှိ မင်းကွန်းတောရ ကျောင်းတိုက်၌ ကျင်းပရာ အဆိုပါ ကျောင်းတိုက် ဒုတိယနာယက သိမ်ကျောင်းဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဒီဃနိကာယ ပါဠိပါရဂူ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏနှင့် ဆရာတော်၊သံဃာတော်များ ကြွရောက်တော်မူကြပြီး အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် ဇနီးဒေါ်သီတာလွင်၊ အကောက်ခွန် ဦးစီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညို၍ သိမ်ဆင်းလောင်းလှူကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ မင်းကွန်းတောရ ကျောင်းတိုက် ဒုတိယနာယက သိမ်ကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ် တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော် မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် ဇနီး၊ အကောက်ခွန်ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး သိမ်ကျောင်းဆရာတော်ထံမှ ရေစက်ချတရား နာယူကြသည်။ **(အပေါ်ပုံ)**

ရေစက်သွန်းချအမျှဝေ

ထို့နောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ အလှူတော်မင်္ဂလာပွဲတွင် ရဟန်းလောင်း၄၄ပါး၊ရှင်သာမဏေ ခြောက်ပါးနှင့် သီလရှင် ၁၂ပါး တို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

သြဝါဒခံယူပွဲ၊ စာအောင်ဆုနှင်းပွဲနှင့် အလှူရှင်ဂုဏ်ပြုလွှာပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာသင်တန်း ကြီးကြပ်ရေးအဖွဲ့၏ သြဝါဒါစရိယ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုမာရ (အဂ္ဂမဟာပဏ္ဍိတ)ထံမှ သြဝါဒခံယူပွဲ၊ ၂၀၀၆ခုနှစ်အတွင်း ကျင်းပခဲ့သော သာသနာရေးဦးစီးဌာန၏ အဘိဓမ္မာ၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ်စာမေးပွဲ၊ မုံရွာလယ်တီ မဟာသရဏဂုံတော်ကြီး စာမေးပွဲများတွင် မိမိတို့သင်တန်းမှ ဖြေဆို အောင်မြင်ကြသူများအား စာအောင် ဆုနှင်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို မေ ၂၆ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျောင်းတိုက်ရှိ ရဟန္တာသိမ်တော်ကြီး အတွင်း၌ ကျင်းပမည်ဟု သိရသည်။ **(က–ပ)**

နွေရာသီ လူငယ်အားကစားသင်တန်းများဖွင့်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ နွေရာသီ လူငယ် အားကစားသင်တန်းများ ဖွင့်ပွဲကို မေ၆ရက် နံနက်ပိုင်းက မြို့နယ်အသင်းရုံး၌ကျင်းပရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းများသို့ အသင်းဝင်လူငယ် ၁၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ် ကြာမြင့်သည်။ (၄၁၆)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ပေါ်တော်မူဆုတောင်းပြည့်စေတီ ဗုဒ္ဓပူဇနီယပွဲတော်

ပူတာအိုမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတွင်းရှိ ပေါ်တော်မူ ဆုတောင်းပြည့်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရာ ပွဲတော်ရက်အတွင်း ဧပြီ ၂၈ရက်မှ ရက် ၃၀အထိ သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ပင့်သံဃာ၂၇ပါးတို့အား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းခြင်းများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး ဧပြီ ၃၀ရက်(ကဆုန်လပြည့်နေ့) ညနေပိုင်းတွင် မဟာဗောဓိပင်အား ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်းတယ အထက အာစရိယပူဇော်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (၁၉၈၀–၁၉၈၇) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို မေ ၁ရက် နံနက် ၁၀နာရီက မြို့နယ် ဓမ္မာရုံခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းမြင့်က ဆရာ့ဘာဝအကြောင်းနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်ဦးမောင်ညိုက ကျေးဇူးတင်စကား ပြောကြားကာ ဆရာ၊ ဆရာမကြီးများကို လှူဒါန်းပစ္စည်း၊ အလှူငွေ များဖြင့် ကန်တော့ကြကြောင်း သိရသည်။ (က–ပ)

အနေ့းယာဉ်များ စည်းကမ်းတကျပြေးဆွဲရေးစစ်ဆေး

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တိုး၊ ဦးစီးအရာရှိ ဦးအောင်စည်တို့သည် စည်ပင်သာယာရေး ဝန်ထမ်းများနှင့်အတူ မေ ၉ ရက်က မြို့တွင်း ပြေးဆွဲလျက်ရှိသော အနေ့းယာဉ်များ လမ်းစည်းကမ်းအတိုင်း ပြေးဆွဲခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **(ဝ၂၇)**

ကျန်းမာရေး ပညာပေးဟောပြော

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို တောင်ပြုံးကြီးကျေးရွာတွင် မေ ၅ရက် နံနက်၁၀နာရီက ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှသိန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှလှဌေးက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ အကြောင်းကို ရှင်းလင်းပြောကြားကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဆွေဆွေတင့်က နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးရခြင်းအကြောင်းနှင့် စာပေမှရရှိသည့် ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသော ဒေသခံမိဘ၊ ပြည်သူများနှင့် ကျန်းမာရေးဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့နေ့ ရွှေဘို၌ကျင်းပ

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၇နာရီက ရွှေဘိုမြို့ မီးသတ်စခန်း၌ ကျင်းပရာ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စန်းဝင်းအား မီးသတ်တပ်ဖွဲ့ဝင်များက အလေးပြုကြပြီး မီးသတ်တပ်ဖွဲ့ သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်မှူးကြီးစန်းဝင်းက အမှာစကား ပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များအား မြို့မိမြို့ဖ ဦးကြင်က မီးသတ်ဝတ်စုံပေးအပ်သည်။ ဆက်လက်၍ မီးသတ်စွမ်းရည်ပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်ပြီး မီးငြိမ်းသတ်မှုစွမ်းရည် သရုပ်ပြသကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မူလတန်းသင် ဆရာ၊ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်းဖွင့်

မကွေးတိုင်း ရေနံချောင်းမြို့နယ်အတွင်း အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်နှင့် မူလတန်း ကျောင်းများမှ မူလတန်းသင် ဆရာ၊ ဆရာမများ၏ သင်ကြားရေးမွမ်းမံသင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ရက် နံနက် ၈နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင်ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် လက်ထောက်ပညာရေးမှူးက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ဧပြီ ၂၃ရက်မှ မေ ၁၈ရက် အထိဖြစ်ပြီး သင်တန်းသို့ ဆရာ၊ ဆရာမ ၂၀၀ကျော် တက်ရောက်ကြောင်း သိရသည်။ **(၂၉၇)**

● *ကျောဖုံးမှ*

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းအဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဆက်လက်၍ အဆောက်အအုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးလုပ်ငန်းများစစ်ဆေး မိုဘိုင်းလ်နှင့် အော်တိုတယ်လီဖုန်းစနစ်များ ကောင်းမွန်ရေးမှာကြား

ရန်ကုန် မေ ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်း (EMS)သို့ ရောက်ရှိပြီး နေပြည်တော် စာတိုက်ကြီးတွင် အသုံးပြုမည့် စာပို့ယာဉ်များ နေပြည်တော်သို့ပို့ဆောင်ရန် အသင့်ဖြစ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် ဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ချောပို့လုပ်ငန်း (ECS)နှင့် အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်း (EMS) သို့ ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၌ ဆက်သွယ်ရေးစနစ်များ တိုးတက် ကောင်းမွန်စေရေးအတွက် ဌာနအကြီးအကဲများ၊ အင်ဂျင်နီယာများ၊ လုပ်ငန်းတာဝန်ခံများနှင့် တွေ့ဆုံပြီး စက်ပစ္စည်းများ စနစ်တကျ ကိုင်တွယ်မှုဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ၈ မိုင်ရှိ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးစခန်းသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

(အပေါ်ဝဲပုံ)

ထို့နောက် ဝန်ကြီးသည် ရွှေဂုံတိုင်ရှိ မိုဘိုင်းလ်ဆက်သွယ်ရေးဌာနသို့ ရောက်ရှိပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ မိုဘိုင်းလ်နှင့် အော်တိုတယ်လီဖုန်းစနစ်များ ကောင်းမွန်ရေးဆွေးနွေး မှာကြားသည်။

ဝန်ကြီးသည် ယနေ့တွင် လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech သို့ရောက်ရှိပြီး သတင်းအချက်အလက်နည်းပညာဗဟိုဝန်ဆောင်မှုကုမ္ပဏီရုံးခန်းကိုကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာအင်ဖိုတက်အဆောက်အအုံ အတွင်းရှိ အိုင်တီကုမ္ပဏီများ၏ အခြေအနေနှင့် ရုံးခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး အများပြည်သူသုံး အင်တာနက်စင်တာများ (Public Access Center) ထပ်မံတိုးချဲ့တပ်ဆင်သွားရန်၊ တိုးချဲ့လာသည့် ဆက်သွယ်ရေးအခြေခံ အဆောက်အအုံနှင့် လိုက်လျောညီထွေစွာ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကအဖွဲ့ အစည်းများအတွင်း အိုင်တီအသုံးချလုပ်ငန်းစဉ်များချဲ့ထွင် ဆောင်ရွက်သွားရန်နှင့်အသစ်တည်ဆောက်မည့် ရတနာပုံမြို့သစ်စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို စီမံဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ပါတီသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိ နိုင်ငံရေးအချောင်လိုက်နေခြင်းများ တွေ့မြင်ရ၍ စစ်ကိုင်းမြို့နယ်မှ ပါတီဝင်သုံးဦး နုတ်ထွက်

ရန်ကုန် မေ ၂၀

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော နွားတွင်းကျေးရွာအုပ်စုမှ ဦးပေါက်စီ၊ ဦးသောင်းဌေး၊ဦးနီကြီးတို့သည် မေ ၇ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော အဆိုပါ ပါတီဝင်သုံးဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့တာဝန်ထမ်းဆောင်နေစဉ်ကာလတစ်လျှောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိခြင်း၊ ခေါင်းဆောင်များ စိတ်ဝမ်းကွဲနေခြင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ပါဝင်ကူညီပံ့ပိုးမှုမရှိခြင်း၊ ပါတီခေါင်းဆောင်များသည် အာဏာမက်မောပြီး အာဏာရရှိရေးကို အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာ ဆောင်ရွက်နေခြင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ အရည်အချင်းနည်းပါးခြင်း၊ နိုင်ငံရေးအချောင်လိုက်နေခြင်းများကိုသာတွေ့မြင်ရ၍ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ် မရှိတော့သည်အတွက် မိမိတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီဝင်အဖြစ်မှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၅-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]
၁၇:၁၅	၆။	အကပဒေသာ
၁၇:၂၅	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၄၅	၉။	တိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၅၀	၁၀။	**ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဂွမ်းပုံကြီး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀	၁၄။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၉:၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သစ္စာ ဘဝပင်ခြားသော်လည်း** (အပိုင်း-၂၀) **[ဇာတ်သိမ်းပိုင်း]**
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၁၁)

ဗုဒ္ဓဂယာကျောင်းတော် ပဌာန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းရပ် ကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့်ရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒုတိယအကြိမ်မြောက် အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲတော်ကြီးကို အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ စေတနာဆန္ဒသြဝါဒ မေတ္တာတော်နှင့်အညီ မဇ္ဈိမ ရဟန်းတော်များနှင့် ပြည်တွင်းပြည်ပပင့်သံဃာအပါး၃၀တို့က သုံးရက်တိုင်တိုင် စုပေါင်းစုံညီစွာ အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

အဆိုပါပဌာန်းပူဇော်ပွဲကို နယုန်လဆန်း၁၂ရက်(တနင်္ဂနွေနေ့) မေ ၂၇ ရက် ညနေ၅နာရီမှ နယုန်လပြည့်(မဟာသမယအခါတော်နေ့) မေ ၃၀ ရက် နံနက် ၆ နာရီအထိ ရွတ်ဖတ်ပူဇော်ကြပြီး အခမ်းအနားအောင်ပွဲကို နံနက် ၈ နာရီတွင် စုပေါင်းရေစက်သွန်းချအမျှတမ်းပေးဝေကာ နံနက်၉နာရီတွင် တည်ဆောက်နေဆဲ ဗုဒ္ဓဂယာ မဟာဗောဓိစေတီကုန်းတော်အနောက်ဘက်၌ မဟာဗောဓိပင်စိုက်ပျိုးခြင်းအခမ်းအနားကို ပူးတွဲကျင်းပမည်ဖြစ်ရာ စေတနာရှင်များအနေဖြင့် ကြွရောက်ကြည်ညိုနိုင်ကြစေရန် စေတနာမေတ္တာဖြင့် ဖိတ်ကြားထားပြီး ဖုန်း- ၅၃၇၅၉၇၊ ၀၉-၅၁-၇၆၄၅၀နှင့် ၀၉-၅၁-၉၁၁၄၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အာဖဂန်၌ အသေခံဗုံးခွဲတိုက်ခိုက် ၁၀ ဦးသေဆုံး၊ ၃၀ ဒဏ်ရာရရှိ

ကဘူးလ် မေ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ မြို့တစ်မြို့တွင် မေ ၂၀ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ရာ အရပ်သား ၁၀ ဦးသေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် မြို့တော်ကဘူးလ်မှ ကီလိုမီတာ ၁၀၀ အကွာ ပတ္တီယာပြည်နယ် ဂါဒက်ဇ်မြို့ရှိ လူစည်ကားရာ ဈေးတစ်ဈေး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး ဘဂ္ဂဒက်၌ လမ်းဘေးဗုံးကြောင့်သေဆုံး

ဘဂ္ဂဒက် မေ ၂၀

ဘဂ္ဂဒက်မြို့တွင် မေ ၁၉ ရက်က လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ယင်းတို့၏ စကားပြန်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က မေ ၂၀ ရက်တွင် ကြေညာသည်။

အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့ဝန်းကျင်တွင် နေအိမ်များသို့ လက်နက်များနှင့် ဗုံးများရှာဖွေမှုပြုလုပ်စဉ် လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်ခံရသည်ဟုဆိုသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဝင်းထွန်း(လယ်/ဆည်) ခြေကန်ချက်ကြောင့် ကျော်ငြိမ်း(သထုံ)အရှုံးပေးရ

နာမည်ကြီးလက်ဝှေ့ကျော် ဝမ်းချိုင်း မကြာမီလက်ဝှေ့ပြန်ထိုးမည်

သတင်း-မြင့်ကျွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ရန်ပုံငွေ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ၊ ဒုတိယနေ့၊ မေ ၂၀ ရက် မွန်းလွဲ ၂ နာရီ။

ရန်ကုန်မြို့ ကျိုက္ကဆံ၊ မိုးလုံလေလုံ အားကစားရုံကြီးတွင် ပထမနေ့ လက်ဝှေ့ပွဲထက် ပရိသတ်ပိုများပြားနေသည်။ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ မောင်မောင် (ဘီလပ်မြေစက်ရုံ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ ဒေါဂျစ် (လယ်/ဆည်)တို့ စိန်ခေါ်ပွဲ၊ ရွှေခါးပတ်ချန်ပီယံ ၂၀၀၂/၂၀၀၆ ဝင်းထွန်း (လယ်/ဆည်)နှင့် ဂျပန်ပြန် ကျော်ငြိမ်း (သထုံ)တို့ပွဲကြောင့် ပရိသတ်များ ရုံပြည့်နေခြင်းဖြစ်သည်။

အနိုင်ပေး

ပထမဆုံး သုံးချီကြားပွဲဖြင့် စတင်သည့် စိုးအောင် (ရွှေလက်ရာ)နှင့် အေးနိုင်(တွံတေး)တို့ပွဲစဉ် ပထမအချီ စထိုးပြီး စက္ကန့်အနည်းငယ် အကြာမှာပင် စိုးအောင် (ရွှေလက်ရာ) ၏ ထိုးချက်များကြောင့် အေးနိုင် (တွံတေး) လဲကျကာလက်ရည်မမျှသဖြင့်စိုးအောင် (ရွှေလက်ရာ) အား အနိုင်ပေးလိုက်သည်။

သုံးချီပွဲအောင်သူဟိန်း(တွံတေး)နှင့် သူရအောင်ကို (မအူပင်) တို့ပွဲတွင် သူရအောင်ကို လဲအကျတွင် အောင်သူဟိန်း (တွံတေး) ခြေဖြင့်ကန်ရာ လက်ဝှေ့ကြီးဝိုင်း စည်းကမ်းဖောက်ဖျက်မှုကြောင့် အောင်သူဟိန်း (တွံတေး)ကို လက်ဝှေ့ကြီးဝိုင်းဒိုင်က အရှုံးပေးလိုက်သည်။

အလဲထိုး

ကြီးမောင်(မြောက်ဒဂုံ)နှင့် ကျော်ရဲအောင်(သထုံ)တို့ပွဲတွင် ဒုတိယအချီ ၁မိနစ် ၄၆ စက္ကန့်၌ ကြီးမောင်

လူငယ်တွေ ဖွံ့ဖြိုးရှိကြတယ်၊ ထိုးလုံးထိုးကွက်လည်း ကောင်းလာတယ်။
ဝမ်းချိုင်း(ရွှေခါးပတ်ချန်ပီယံ)

(မြောက်ဒဂုံ)က ညာဝိုက်လက်သီးဖြင့် ကျော်ရဲအောင် (သထုံ)ကို အလဲထိုး အနိုင်ယူသွားသည်။ သန့်ဇင်(ပြည်)နှင့် အရိုင်းလေး (သာကေတ)တို့ သုံးချီပွဲတွင်လည်း သန့်ဇင် (ပြည်)က ပထမအချီ၌ပင် အလဲထိုးအနိုင်ရရှိခဲ့သည်။

ထို့အတူ မိုက်သဲ(နန်းပေါက်)နှင့် ရွှေထွန်းညို (သထုံ)တို့ သုံးချီပွဲတွင်လည်း ပထမအချီမှာပင် မိုက်သဲ(နန်းပေါက်)၏ခြေကန်ချက်ကြောင့် ရွှေထွန်းညို(သထုံ) လဲကျခဲ့သဖြင့် မိုက်သဲ (နန်းပေါက်) အနိုင်ရရှိသွားသည်။

အထူးစိန်ခေါ်ပွဲ

ထို့နောက် လေးချီအထူးစိန်ခေါ်ပွဲများ ဆက်လက်ထိုးသတ်ရာ စောမျိုးထွန်း(တွံတေး)နှင့်မိုက်သဲလေး(ရန်ကုန်)တို့ဖြင့် ပွဲစတင်သည်။ နှစ်ဦးစလုံး ကိုယ်လုံးကိုယ်ထည် အရပ်အမောင်း တူညီကြသည်။ ပွဲစသည်နှင့် မိုက်သဲလေး(ရန်ကုန်)က ဘယ်ညာဖြောင့်လက်သီး၊ ဝိုက်လက်သီးများဖြင့် တရစပ်ထိုးသလို စောမျိုးထွန်း(တွံတေး)ကလည်း ဘယ်ညာခြေကန်ချက်များဖြင့် တုံ့ပြန်သည်။

မိုက်သဲလေး(ရန်ကုန်)၏ ညာဖြတ်လက်သီး စောမျိုးထွန်း (တွံတေး)၏

ရှောင်တိမ်း

ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(လယ်/ဆည်) **၏ ညာ လက် သီး ထိုး ချက် ကို ကျော်ငြိမ်း(သထုံ) က ဤသို့ ရှောင်တိမ်းခဲ့သည်။**
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မေးရိုးကို ပြင်းထန်စွာထိမှန်ရာ လဲကျသွားပြီး အနားတောင်းရသည်။ တတိယအချီတွင်မိုက်သဲလေး(ရန်ကုန်) ဒူးတိုက်ချက်ထိကာ စောမျိုးထွန်း (တွံတေး) လဲကျပြီး ပြန်မထနိုင်သဖြင့် မိုက်သဲလေး(ရန်ကုန်)က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲအပြီးအနိုင်ရရှိသွားသော မိုက်သဲလေး(ရန်ကုန်)အား တွေ့ဆုံမေးမြန်းရာ **"ဒီပွဲကထိုးရတာ ခက်ခဲတဲ့ပွဲပါပဲ။ ဒူးတိုက်ချက်နဲ့ ပွဲသိမ်းနိုင်အောင် ကြိုးစားခဲ့တာပါ။ သူက ခံနိုင်ရည်**

ခြေကန်ချက်တွေနဲ့ ပွဲသိမ်းနိုင်ခဲ့တာပါ။ ဝင်းထွန်း(လယ်/ဆည်)
(ရွှေခါးပတ်ချန်ပီယံ)

ရှိသူဆိုတော့ ကြိုးစားပြီးထိုးသတ်ခဲ့ရတယ်။ လက်ဝှေ့ပွဲတွေ ဆက်တိုက်ထိုးသွားမှာပါ"ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

လေးချီပွဲ ဒုတိယပွဲစဉ်အဖြစ် အောင်ပိုင်လေး (သထုံ)နှင့် စောထူးသစ်(ရွှေလက်ရာ)တို့ ဆက်ထိုးရာ အောင်ပိုင်လေး(သထုံ)က အသားဖြူပြီး အရပ်မြင့်သည်။ စောထူးသစ် (ရွှေလက်ရာ)က အရပ်နိမ့်သော်လည်း ကြံ့ခိုင်တောင့်တင်းသည်။ ပွဲစတင်သည်နှင့် အောင်ပိုင်လေး(သထုံ)က ချွန်းဖွင့်လွှတ်လိုက်သော ဆင်ကဲ့သို့ တစ်ဟုန်ထိုးပြေးဝင်ကာ ဘယ်ညာ လက်သီးများ၊ ခြေကန်ချက်များဖြင့် ဝုန်းဒိုင်းကြဲထိုးသတ်လိုက်ရာ ပထမအချီတစ်မိနစ် ၅၇ စက္ကန့်မှာပင် စောထူးသစ် (ရွှေလက်ရာ) လဲကျပြီး ဆက်မထိုးနိုင်သဖြင့် အောင်ပိုင်လေး(သထုံ) အနိုင်ရရှိသွားသည်။

လေးချီပွဲ တတိယပွဲစဉ်အဖြစ် စောကျားမင်း(ရွှေလက်ရာ)နှင့် ဘိုဘို(သထုံ)တို့ပွဲတွင် ပွဲစသည်နှင့် ဘိုဘို (သထုံ)က ဘယ်ထောက်လက်သီး၊ ညာဝိုက်လက်သီးများဖြင့် အတင်းဖိထိုးသည်။ ခြေ၊ လက်၊ ဒူးအကုန်သုံးလိုက်ရာ စောကျားမင်း (ရွှေလက်ရာ) ကြိုးဝိုင်းထောင့် လွင့်ကျသွားပြီး အနားတောင်းရသည်။

ဒူးတိုက်အားကို ကောင်းကောင်း အသုံးချနိုင်လို့ အနိုင်ရခဲ့တာပါ။
ဒေါဂျစ် (လယ်/ဆည်)

ခြေကန်ထိ

ထို့နောက် ဆက်ထိုးရာ ဘိုဘို (သထုံ)၏အားပါပြင်းထန်သောခြေကန်ချက်က စောကျားမင်း (ရွှေလက်ရာ) နားထင်ကို ပြင်းထန်စွာထိမှန်ရာ ကြမ်းပြင်သို့ ပစ်ကျသွားပြီး ပြန်မထနိုင်သဖြင့် ဒုတိယအချီမှာပင် ဘိုဘို(သထုံ)အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

နိုင်ပွဲရပြီး ကြိုးဝိုင်းအတွင်းမှ ဆင်းသက်လာသော ဘိုဘို(သထုံ)အား မေးမြန်းရာ **"ဒီပွဲက ကျွန်တော့်အတွက် လွယ်ကူတဲ့ပွဲပါပဲ၊ ကျွန်တော်က ခြေ၊ လက် အကုန်အားသန်တော့ အခုလို ပွဲသိမ်းမြန်သွားတာပါ၊ လက်ဝှေ့ပွဲကတော့ ဒီပွဲနဲ့မှ နှစ်ပွဲပဲရှိပါသေးတယ်။ လက်ဝှေ့ပွဲတွေ ဆက်ထိုးသွားမှာပါ"**ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ငါးချီစိန်ခေါ်ပွဲ

ထို့နောက် ပရိသတ်များမျှော်လင့်နေသော ငါးချီစိန်ခေါ်ပွဲများ စတင်လေသည်။ ပထမဆုံးငါးချီစိန်ခေါ်ပွဲအဖြစ် ရှမ်းလေး(မထိလာ)နှင့် ရွှေထွန်းယုံ(ဘီလပ်မြေစက်ရုံ)တို့ပွဲဖြစ်သည်။ ရှမ်းလေး (မထိလာ)က အနီထောင့်၊ ရွှေထွန်းယုံ(ဘီလပ်မြေစက်ရုံ) က အပြာထောင့်။

ပွဲစသည်နှင့် ရွှေထွန်းယုံ (ဘီလပ်မြေစက်ရုံ)က မြင်းရိုင်းတစ်ကောင်လို ပြေးဝင်ကာ ဘယ်ဖြတ်လက်သီး၊ ညာဝိုက်လက်သီးများ မိုးသီးမိုးပေါက် ပမာ ဆက်တိုက်ထိုးပြီး ရှမ်းလေး (မထိလာ)၏ ရင်ဝအား ဒူးဖြင့်တိုက်ချလိုက်ရာ ရှမ်းလေး ကြိုးဝိုင်းထောင့် လဲကျသွားလေသည်။

ရှမ်းလေး(မထိလာ) ပြန်မထနိုင်သဖြင့် ပထမအချီ ၂၄ စက္ကန့်မှာပင် ရွှေထွန်းယုံ(ဘီလပ်မြေစက်ရုံ)အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲအပြီး ချွေးသံများရွှဲနေသော ရွှေထွန်းယုံ (ဘီလပ်မြေစက်ရုံ)အား မေးမြန်းရာ **"ဒီပွဲမှာ ကျွန်တော်က ဒူးတိုက်ချက်နဲ့ ပွဲသိမ်းလိုက်တာပါ။ မထိုးခင်ကတည်းက ဒီပွဲကိုစောစော ပွဲသိမ်းသွားအောင်ထိုးမယ်လို့ ဆုံးဖြတ်ချက်နဲ့ထိုးတာဆိုတော့ ပွဲစကတည်းက ပြိုင်ဘက်ခုခံလို့မရအောင်ကိုပဲ ထိုးသတ်ခဲ့တာ မြင်တဲ့အတိုင်းပါပဲ"**ဟု ဖြေကြားသွားသည်။

ဒုတိယပွဲစဉ်

ငါးချီ စိန်ခေါ်ပွဲ ဒုတိယပွဲစဉ်အဖြစ် မြားတစ်စင်း(လယ်/ဆည်) နှင့် တိုက်အောင် (ဘီလပ်မြေစက်ရုံ)တို့ပွဲကလည်း မြိုင်ဆိုင်လှသည်။ မြားတစ်စင်းက အသားဖြူပြီး အရပ်မြင့်မားသည်။ တိုက်အောင်က အသားညိုပြီး တောင့်တင်းသည်။

ပွဲစသည်နှင့် တိုက်အောင်က ညာဖြောင့်လက်သီး၊ ဘယ်ဖြောင့် လက်သီးများဖြင့် ထိုးသတ်သည်။ ပြင်းထန်အားပါသော ညာဖြတ်လက်သီးကြောင့် ပထမအချီမှာပင် မြားတစ်စင်း အနားတောင်းရသည်။ ဆက်ထိုးရာ မြားတစ်စင်းက ချုပ်ဒူး၊ ပတ်ဒူးများသုံးပြီး ဘယ်ထောက် လက်သီးထိုးချက်ကြောင့် တိုက်အောင် (ဘီလပ်မြေစက်ရုံ) လဲကျသွားသည်။ အားယူထပြီးဆက်ထိုးရာ မြားတစ်စင်း၏ ညာခြေကန်ချက်ကြောင့်တိုက်အောင်(ဘီလပ်မြေစက်ရုံ) ထပ်မံလဲကျပြန်ပြီး အနားတောင်းရသည်။ ထို့နောက်ဆက်ထိုးရာ တတိယအချီတွင် မြားတစ်စင်း၏ ဘယ်ဝိုက်လက်သီးထိုးချက် တိုက်အောင်(ဘီလပ်မြေစက်ရုံ)ကို ထိမှန်ပြီး ယိုင်အသွား မြားတစ်စင်းက ဒူးပျံတိုက်ချလိုက်ရာ တိုက်အောင် (ဘီလပ်မြေစက်ရုံ) ကြိုးဝိုင်းကြမ်းပြင် လဲကျသွားပြီး ပြန်မထနိုင်တော့ချေ။ မြားတစ်စင်း (လယ်/ဆည်) အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ငါးချီပွဲ တတိယပွဲစဉ်အဖြစ် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရ မောင်မောင် (ဘီလပ်မြေစက်ရုံ) နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရ ဒေါဂျစ် (လယ်/ဆည်) တို့ပွဲ ဆက်ထိုးသည်။ နှစ်ဦးစလုံး အတွေ့အကြုံရှိသူများပီပီ အမှားစောင့်ထိုးသည်။

အရပ်မြင့်သော ဒေါဂျစ် (လယ်/ဆည်)က ဘယ်ထောက် လက်သီး၊ ညာဖြောင့်လက်သီး ပစ်သွင်းသည်။ မောင်မောင် (ဘီလပ်မြေစက်ရုံ) က ရှောင်တိမ်းရင်း ညာဖြတ်လက်သီးပြင်းပြင်းဖြင့် တုံ့ပြန်သည်။ ချုပ်ဒူး၊ တိုက်ဒူးများသုံးသည်။ ဒုတိယအချီတွင်ဒေါဂျစ် (လယ်/ဆည်)၏ အားပါသော ဘယ်ထောက် လက်သီးကြောင့် မောင်မောင် (ဘီလပ်မြေစက်ရုံ) ခေါင်းခါဆင်းသွားရာ ဒေါဂျစ် (လယ်/ဆည်)ကပြေးဝင်ပြီး ဒူးပျံဖြင့်တိုက်ချလိုက်ရာ မောင်မောင် (ဘီလပ်မြေစက်ရုံ) လဲကျသွားပြီး ပြန်မထနိုင်တော့ချေ။ပရိသတ်များသဘောကျကာ အားပေးသံ တစ်ခဲနက်ထွက်ပေါ်လာပြီး ဒေါဂျစ်(လယ်/ဆည်) ကို အားပေးကြသည်။ ဒေါဂျစ် (လယ်/ဆည်)က အလဲထိုး အနိုင်ယူသွားခဲ့သည်။ ပွဲအပြီး အနိုင်ရသော ဒေါဂျစ် (လယ်/ဆည်)အား မေးမြန်းရာ **"ဒီပွဲက အခက်အခဲ သိပ်မရှိပါဘူး၊ ကျွန်တော့် ဘယ်ညာလက်သီးတွဲတွေနဲ့ ဒူးတိုက်အားကို ကောင်းကောင်းအသုံးချနိုင်လို့ အနိုင်ရခဲ့တာပါ၊ လက်ဝှေ့ပွဲတွေ ဆက်ထိုးမယ်လို့ ဆုံးဖြတ်ထားတယ်"** ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ဒူးတိုက်ချက်နဲ့ ပွဲသိမ်းလိုက်တာပါ။
ရွှေထွန်းယုံ(ဘီလပ်မြေစက်ရုံ)

လက်ဝှေ့ပွဲတွေ ဆက်တိုက်ထိုးသွားမှာပါ။
မိုက်သဲလေး(ရန်ကုန်)

ကျွန်တော်က ခြေလက်အကုန်အားသန်တော့ အခုလို ပွဲသိမ်းမြန်သွားတာပါ။ ဘိုဘို(သထုံ)

နောက်ဆုံးငါးချီ စိန်ခေါ်ပွဲကား ရွှေခါးပတ်ချန်ပီယံ (၂၀၀၂/၂၀၀၆) ဝင်းထွန်း(လယ်/ဆည်) နှင့် ဂျပန်ပြန် ကျော်ငြိမ်း(သထုံ)တို့၏ ပွဲပင်ဖြစ်သည်။ ဝင်းထွန်း(လယ်/ဆည်)က အနီထောင့်မှ တက်လာသည်။ ကျော်ငြိမ်း(သထုံ) က အပြာထောင့်မှ တက်လာသည်။

ဝင်းထွန်းက အသားညိုပြီး ကျော်ငြိမ်းထက် အရပ်ပုသည်။ ကိုယ်လုံးကိုယ်ထည်သေးသည်။ ပွဲစသည်နှင့် ဝင်းထွန်းက ဘယ်ညာခြေသွက်သွက်ရွှေ့ကာ အလစ်အငိုက် ညာခြေကန်ချက် ဖြတ်ကန်လိုက်ရာ ကျော်ငြိမ်း (သထုံ) လဲကျသွားသည်။ ပြန်ထပြီး ဆက်ထိုးသည်။

အပြိုးမပျက်

ဝင်းထွန်း(လယ်/ဆည်)ကားအပြိုးမပျက်၊ ကြိုးဝိုင်းကို လှည့်ပတ်ကာ ညာဖြတ်၊ ဘယ်ဖြတ်လက်သီးပစ်သွင်းရာ ကျော်ငြိမ်း(သထုံ) မျက်နှာကို တည့်တည့်ထိမှန်သည်။ ကျော်ငြိမ်း(သထုံ)၏ ညာဖြောင့်လက်သီးကလည်း ဝင်းထွန်း (လယ်/ဆည်) မျက်နှာကို ထိမှန်၍ ဝင်းထွန်း တုံ့ဆိုင်းသွားသည်။

ဒုတိယအချီတွင် ဝင်းထွန်း(လယ်/ဆည်)က ညာခြေကန်ချက် အပြင်းများဖြင့် ကျော်ငြိမ်း (သထုံ) ခြေထောက်များအား မနားတမ်းဖြတ်ရိုက်၊ ဖြတ်ကန်သည်။ တစ်ပတ်လည် ခြေကန်ချက်များက ကျော်ငြိမ်း(သထုံ)၏ခေါင်း၊ မျက်နှာများသို့ ထိမှန်လေသည်။ ကျော်ငြိမ်းက အနာခံကာ အတင်းလိုက်ဖိထိုးရာ ဝင်းထွန်း(လယ်/ဆည်) က ရှောင်တိမ်းရင်း အလစ်အငိုက် ဘယ်ဖြောင့်လက်သီးဖြင့် ထိထိမိမိထိုးသည်။ တတိယအချီတွင် နှစ်ဦးစလုံး အပြန်အလှန် အနာခံကာ ထိုးသတ်ခဲ့ကြသည်။

စတုတ္ထအချီတွင် ဝင်းထွန်း(လယ်/ဆည်)၏ ညာခြေကန်ချက်များကြောင့် ကျော်ငြိမ်း(သထုံ) ပြိုလဲကျကာ ပြန်မထနိုင်တော့ဘဲ ပွဲသိမ်းခဲ့ရသဖြင့် ဝင်းထွန်း (လယ်/ဆည်)အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ပရိသတ်များက ဝင်းထွန်း (လယ်/ဆည်)အား အားပေးလက်ခုပ်သံ မစဲပြီ။

ပွဲအပြီး အနိုင်ရသော ဝင်းထွန်း (လယ်/ဆည်)အား ပြိုင်ပွဲထိုးသတ်ရမှုအပေါ် မေးမြန်းရာ **"သူက ထိုးလုံးထိုးကွက်ရိုးတယ်၊ ထိုးပေါက်လဲ နည်းတယ်၊ ဒါပေမယ့် သူ့ထိုးချက်တွေက အားပါတယ်၊ ဒီပွဲမှာ ကျွန်တော်က သူ့ထိုးချက်တွေကို ရှောင်တိမ်းပြီး ခြေကန်ချက်တွေနဲ့ ပွဲသိမ်း နိုင်ခဲ့တာပါ"** ဟု ပြောကြားသွားသည်။

ယနေ့လက်ဝှေ့ပွဲသို့ လာရောက်အားပေးသော နာမည်ကျော်လက်ဝှေ့သမား ဝမ်းချိုင်းအား ယနေ့လက်ဝှေ့ပွဲများအမြင်ကို မေးမြန်းရာ **"လူငယ်တွေ ဖွံ့ဖြိုးရှိကြတယ်၊ ထိုးလုံးထိုးကွက်လဲ ကောင်းပါတယ်၊ ကျွန်တော်အခုအနားယူနေတာ နှစ်နှစ်လောက်ရှိပြီ၊ ဒီနှစ်စက်တင်ဘာလောက်မှာ လက်ဝှေ့ပြန်ထိုးမယ်"**ဟု မြန်မာ့အလင်းသို့ ပြောကြားသွားရာ လက်ဝှေ့ကျော် ဝမ်းချိုင်း၏ ပွဲများလည်း ကြည့်ရှုရတော့မည်ဟု သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

ယခုအခါ ဘိုင်းဒါးရေလွှဲဆည်ကို အောင်မြင်စွာတည်ဆောက်ပြီးခဲ့သည့်အတွက် ရေလွှဲဆည်မှတစ်ဆင့် ဘိုင်းဒါးတူးမြောင်းထဲသို့ ရေကိုလွှဲပေးပြီး လိုအပ်က မိုးစပါးအတွက် ပျိုးထောင်ရေ၊ အောင်ရေနှင့် အဓိကအားဖြင့် နွေစပါးစိုက်ပျိုးရေကို လုံလုံလောက်လောက် ဧကန်ရရှိတော့မည် ဖြစ်ကြောင်း။

ဤရေလွှဲဆည်၏ ထူးခြားချက်တစ်ရပ်မှာ မြန်မာအမျိုးသမီးအင်ဂျင်နီယာများကိုယ်တိုင် ကြီးကြပ်ပါဝင်တည်ဆောက်ခဲ့ခြင်းဖြစ်၍ မြန်မာအမျိုးသမီးကဏ္ဍအတွက် ဂုဏ်ယူ အားတက်စရာလည်း ဖြစ်ကြောင်း။

အစီအမံရှိရှိ

ယခု ရေလွှဲဆည်တည်ဆောက်ပြီးသည့်နှစ်မှာပင် နွေစပါး စိုက်ပျိုးရေးအတွက် လယ်မြေဧက ၁၀၀၀၀ ကို ရေပေးဝေနိုင်ခဲ့သည့်အပြင် လာမည့် နွေစပါးရာသီ၌လည်း လယ်မြေဧက ၁၀၀၀၀ ထပ်မံတိုးချဲ့ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း၊ စုစုပေါင်း ဧက ၄၆၇၀၀ ကို ရေပေးဝေနိုင်အောင် အစီအမံရှိရှိ ဆောင်ရွက်နေကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ပဲခူးတိုင်းအတွင်းမှာ မိုးစပါးဧကသိန်း ၃၀ ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် နွေစပါးဧက လေးသိန်းပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးတို့အတွက်လည်း ဤရေလွှဲဆည်သည် များစွာအထောက်အကူရစေမှာ ဖြစ်ကြောင်း။

ယခု ဘိုင်းဒါးရေလွှဲဆည်အပြင် ဤဒေသ ပတ်ဝန်းကျင်တွင်ရှိသည့် ကောလိယ ရေလွှဲဆည်နှင့် ရဲနွယ်ရေလွှဲဆည်တို့ကိုလည်း အရှိန်အဟုန်ဖြင့် တည်ဆောက်နေပြီ ဖြစ်ကြောင်း၊ ဤရေလွှဲဆည်များမှာလည်း မကြာမီ ပြီးစီးတော့မည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများအနေဖြင့် အဆိုပါရေသောက်ဧရိယာများမှာ နှစ်သီးသာမက သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း။

အကျိုးကျေးဇူးရရှိ

ယခုကဲ့သို့ မိုးသီးနှံများအောင်မြင်သေချာမှုရှိရေး၊ နွေရာသီ သီးနှံ စိုက်ပျိုးရေး၊ နှစ်သီးမှ သုံးသီးစိုက်ပျိုးရေးတို့အတွက် ရေလှောင်တမံများ၊ ရေထိန်းတံခါးများနှင့် ရေလွှဲဆည်များ တည်ဆောက်ပေးခြင်းဖြင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အကျိုးကျေးဇူးများ ခံစားရရှိနေပြီဖြစ်သည့်အတွက် ဒေသခံ ပြည်သူလူထုနှင့် တောင်သူလယ်သမားများကိုယ်စားတည်ဆောက်အကောင်အထည်ဖော်ပေးသည့် နိုင်ငံတော်အကြီးအကဲနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို အထူး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး တည်ဆောက်ပေးခဲ့သည့် မိမိတို့လက်ဝယ်ရောက်ရှိလာသော ရေလှောင်တမံများ၊ ရေထိန်းတံခါးများနှင့် ရေလွှဲဆည်များကို ရေရှည် သားစဉ်မြေးဆက်၊ ဆက်လက် အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေပေးမြောင်း အဆောက်အအုံများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်၊ သတ်မှတ်ထားသည့် ဆည်မြောင်း တာတမံဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာကြရန် အထူးလိုအပ်ကြောင်း သတိပေးပြောကြားလိုကြောင်း။

ပါဝင်ပူးပေါင်း

ဘိုင်းဒါး ရေလွှဲဆည်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ သီးနှံစိုက်ပျိုးရေရရှိရေး၊ ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုက်ပျိုးရေး၊ ရေဘေးကာကွယ်ရေးတို့အတွက် ပဲခူးတိုင်းအတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများက အသိစိတ်ရှိရှိ တာဝန်သိသိဖြင့်ပါဝင်ပူးပေါင်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြပါဟု ပြောကြားသွားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ယနေ့ ပဲခူးတိုင်း အရှေ့ခြမ်း ဒိုက်ဦးမြို့နယ်အတွင်းမှာ ဘိုင်းဒါးရေလွှဲဆည်ကို အောင်မြင်စွာ တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တည်ဆောက်ဖွင့်လှစ်လိုက်သည့် ဘိုင်းဒါးရေလွှဲဆည်အနေနှင့် နယ်မြေဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိုအထောက်အကူပေးနိုင်တော့မည်ဖြစ်သကဲ့သို့ ပွန်တန်ဆာလွင်ပြင်၌ မိုးအခါ ရေလွှမ်းမိုးမှုနှင့် ရန်ကုန်–မန္တလေး ကားလမ်း၊ ရထားလမ်းများ မိုးတွင်းကာလ ရေကြီးမှုမှ လျော့ပါးသွားအောင် အကာအကွယ်ပေးနိုင်တော့မှာ ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားမှုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်ပြီး သီးနှံ ထွက်ကုန်ရောင်းဝယ်ဖောက်ကားကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများလည်း တစ်ဆက်တစ်စပ်တည်း ဟန်ချက်ညီ တိုးတက်လာတော့မှာ ဖြစ်ကြောင်း၊ ယင်းတို့နှင့် ဆက်နွယ်ပြီး ဒေသခံ တောင်သူလယ်သမား၊ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ လူနေမှုအဆင့်အတန်းများ တိုးတက်လာတော့မှာ ဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့် ထပ်တူ ဝမ်းသာပီတိ ဖြစ်မိပါကြောင်း ဦးစွာ ပြောကြားလိုကြောင်း။

ချမှတ်ဆောင်ရွက်

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးပိုမိုတိုးတက်မြင့်မားလာစေရန် စိုက်ပျိုးရေးကို အခြေခံပြီး အခြားသော စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဟု စီးပွားရေးဦးတည်ချက်များတွင် ပထမဆုံးဦးတည်ချက် အဖြစ် ချမှတ်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

နယ်မြေဒေသအသီးသီးမှာ ရှိနေကြသည့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ရာတွင် ရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် လမ်းညွှန်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ အထက်ပိုင်း၊ အလယ်ပိုင်း၊ မိုးနည်းရေရှား ဒေသတွေမှာ မြေပြင်အခြေအနေပေးမှုအပေါ် မူတည်ပြီး အကြီးစား၊ အလတ်စားနှင့် အငယ်စား ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးစီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် လမ်းညွှန်ပေးနေသကဲ့သို့ မြန်မာနိုင်ငံ အောက်ပိုင်း ဒေသများ၌လည်း ရေလှောင်တမံစီမံကိန်းများ ရေလွှဲဆည်စီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် လမ်းညွှန်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးမြေများ ရေလွှမ်းမိုးသည့် အခြေအနေက ကာကွယ်နိုင်အောင် တာတမံ၊ ရေတံခါးစီမံကိန်းများကိုလည်း လမ်းညွှန်ခဲ့ကြောင်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယခုဖွင့်လှစ်လိုက်သည့် ဘိုင်းဒါးရေလွှဲဆည် စီမံကိန်းသည် တပ်မတော်အစိုးရလက်ထက် ဖွင့်လှစ်လိုက်သော ၁၉၉ ခုမြောက် စီမံကိန်း အဖြစ် ပေါ်ပေါက်လာခြင်း ဖြစ်ကြောင်း။

အကောင်အထည်ဖော်နိုင်

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို အထောက်အကူပြုသည့် ဆည်တမံလုပ်ငန်းများ တည်ဆောက်နိုင်မှုကို ကြည့်မည်ဆိုလျှင် တပ်မတော်အစိုးရ နိုင်ငံတော်ကို စတင်တာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ်အချိန်က တစ်နိုင်ငံလုံးမှာ ဆည်တမံ လုပ်ငန်းပေါင်း ၁၃၈ ခုသာ ရှိခဲ့ကြောင်း၊ အကျိုးပြုဧက ၁ ဒသမ ၃၄ သန်းသာရှိခဲ့ကြောင်း၊ ယခုအချိန်တွင် ဘိုင်းဒါးရေလွှဲဆည် အပါအဝင် တစ်နိုင်ငံလုံးအနေဖြင့် ဆည်တမံ ရေရရှိရေး စီမံကိန်း ၁၉၉ ခု တိုးတက်ဆောင်ရွက် အကောင်အထည်ဖော်နိုင်ခဲ့ပြီး လယ်မြေဧက ၂ ဒသမ ၆၃ သန်းကျော် ရေပေးဝေ စိုက်ပျိုးနေပြီ ဖြစ်ကြောင်း။

ထို့အတူ မြစ်ရေတင်စီမံကိန်း ၃၀၅ ခုကို အကောင်အထည်ဖော်ခဲ့ပြီး ဧက ၄ ဒသမ ၆၄ သိန်း စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ မြေအောက်ရေရရှိရေးအတွက် တွင်းပေါင်း ၇၅၆၉ တွင်း တူးဖော်ပေးနိုင်ခဲ့ပြီး ဧက ၉၁၃၈၈ ရေပေးဝေနိုင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ သီးနှံများ ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာ ၁၉၈၈–၁၉၈၉ ခုနှစ်မှာ ဧက ၂ ဒသမ ၅ သန်းနှင့် အသားတင်စိုက်ဧရိယာမှာ ၁၉ ဒသမ ၉ သန်းအပေါ် ၁၂ ဒသမ ၆ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း၊ ယခုအချိန်တွင် ရေသွင်းစိုက်ပျိုးနိုင်သည့် လယ်မြေဧက ၅ ဒသမ ၉၁ သန်း ရှိခဲ့ပြီး နှစ်ဆကျော် တိုးတက်လာသည့်အလျောက် ရေသွင်းစိုက်ပျိုးမှုသည် ၁၉ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ပေါ်လာခဲ့ပြီဖြစ်ကြောင်း။

တိုးတက်အကျိုးခံစား

ယခု ရေလွှဲဆည်တည်ရှိသည့် ဒိုက်ဦးမြို့နယ်အတွင်းက ကျေးရွာအုပ်စု ၁၃ ခုမှာ ပထမတစ်သီး မိုးစပါးဧက ၄၆၇၀၀၊ ဒုတိယတစ်သီး နွေစပါးနှင့် ဆီထွက်သီးနှံ ပဲမျိုးစုံ ဧက ၃၂၀၀၀ ကျော် စိုက်ပျိုးမှုရှိကြောင်း၊ သီးနှံစိုက်စွမ်းအားမှာ ၁၆၉ ရာခိုင်နှုန်းရှိကြောင်း၊ ယခု ရေလွှဲဆည်က ဆည်ရေကို ထိရောက်စွာ ပေးသွင်းစိုက်ပျိုးနိုင်မှုနှင့်အတူ မိုးကာလ လယ်မြေရေလွှမ်းမှုကို ကာကွယ်ပေးနိုင်မှာ ဖြစ်သည့်အတွက် ရေတော် မိုးတော်လယ်မြေများ ဖြစ်ပေါ် တိုးတက်လာပြီဖြစ်ကြောင်း၊ မိုးစပါးနှင့် နွေသီးနှံ စုစုပေါင်းဧက ကိုးသောင်းကျော်အထိ အောင်မြင်စွာ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း၊ သီးနှံစိုက်စွမ်းအားလည်း ၁၉၃ ရာခိုင်နှုန်းအထိ တိုးတက်အကျိုးခံစားရမှာ ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တောင်သူများ လိုအပ်ချက်နှင့်အညီ ယခုလို စိုက်ပျိုးရေရရှိရေးနဲ့ ရေဘေးကာကွယ်ရေးစီမံကိန်းများ အကောင်အထည်ဖော် ပေးလျက်ရှိသကဲ့သို့ မြေယာသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရေကြီးကွင်း၊ ရေနက်ကွင်းများကို ရေတော်၊ မိုးတော်လယ်မြေအဖြစ် ဖော်ထုတ်စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရှိပြီးစိုက်ဧကများ၏ အထွက်နှုန်းများ တိုးတက်လာရေး၊ သီးနှံများ အကြိမ်ကြိမ်စိုက်ပျိုးနိုင်ပြီး သီးနှံစိုက်စွမ်းအားများတိုးတက်ပြီး တောင်သူများဝင်ငွေတိုးစေရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ၏ စိုက်စရိတ်များကျဆင်းရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့အတွက်လည်း တောင်သူများအကျိုးအတွက် ကူညီစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရာသီသီးနှံသာမက ပို့ကုန်အတွက်အားထားရသည့် နှစ်ရှည်ပင်ဖြစ်သော ဆီအုန်း၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရေး၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်း၊ ကော်ဖီ၊ လက်ဖက်၊

အမှာစကား ပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဘိုင်းဒါးရေလွှဲဆည် ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ကြက်သွန်၊ ချင်း(ဂျင်း)သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းသာမက နိုင်ငံတကာဈေးကွက်၌ လည်းရောင်းဝယ် ဖောက်ကား အကျိုးအမြတ်ရနိုင်မည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေး အတွက်လည်း ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် မျိုးကောင်းမျိုးသန့်များ သုတေသနပြုဖော်ထုတ်ပေးလျက်ရှိကြောင်း၊ ဖော်ထုတ်စမ်းသပ်ပြီး မျိုးကောင်း မျိုးသန့်များကိုလည်း တောင်သူကြီးများ အကျိုးအတွက် ဖြန့်ဖြူးပညာပေး စိုက်ပျိုးစေလျက်ရှိကြောင်း။

ထုတ်လုပ်ဖြန့်ဖြူးပေး

သီးနှံစိုက်စွမ်းအား တိုးမြှင့်လာစေရန်၊ သီးနှံတစ်ခုနှင့်တစ်ခုအကြား အချိန်တိုအတွင်း ပြင်ဆင်နိုင်စေရန် စက်မှုလယ်ယာ ကူးပြောင်းရေးကိုလည်း အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလယ်ယာ ကူးပြောင်းရေးမှာ တောင်သူများကိုယ်တိုင် အလွယ်တကူ အသုံးပြုနိုင်သည့် လယ်ယာသုံး စက်ကိရိယာများကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းသည် လူသားများ၏ စားရေး၊ ဝတ်ရေးနှင့် နေရေးကို အထောက်အကူပေးရုံသာမကဘဲ လောင်စာဆီထုတ်လုပ်ရေးအတွက်ပါ အကျိုးပြုနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဒေသမရွေး၊ မြေကောင်းမြေညံ့မရွေး ပေါက်ရောက်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်သည် ဘိုင်အိုဒီဇယ်ထုတ်လုပ်နိုင်သည့် အဖိုးတန်သီးနှံပင်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်က ရရှိသည့် ဘိုင်အိုဒီဇယ်နှင့် လယ်ယာသုံး စက်ကိရိယာများတွင် ထည့်သွင်း မောင်းနှင်နိုင်မည့်အပြင် ရေစုပ်စက်၊ မီးစက်၊ သယ်ပိုးယာဉ်ငယ်များမှာ ထည့်သွင်း အသုံးပြုနိုင်မှာ ဖြစ်သည့်အတွက် လူမှုစီးပွားရေး ပိုမိုတိုးတက်လာမှာဖြစ်ကြောင်း၊ထို့ကြောင့် ဖြစ်ထွန်း အောင်မြင်အောင် စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် အကူအညီမှန်သမျှကိုလည်း ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်သည့် ဘိုင်အိုဒီဇယ်အသုံးပြုသော ခေတ်မီစံပြရွာများဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဝိုင်းဝန်းကူညီပံ့ပိုး

ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်ကြသည့် ဒေသခံတောင်သူများသာမက ဒေသတွင်းက သီးနှံများ သယ်ပို့ရောင်းဝယ်ကြသူများ၏ စီးပွားရေးပိုမိုတိုးတက်မြင့်မားလာစေရန် ယခုရေလွှဲဆည်ကို နိုင်ငံတော်ကငွေကျပ်၁၁၈၅ သန်းကျော် အကုန်အကျခံပြီး ပြည်တွင်းက ကိုယ်ပိုင်စွမ်းအားနှင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းကို ပြီးမြောက်အောင်မြင်အောင် ကြီးကြပ်စီမံအကောင်အထည်ဖော်ပေးကြသည့် ဒေသအာဏာပိုင် အဖွဲ့အစည်းနှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် အမြန်ဆုံးအသုံးချနိုင်အောင် တည်ဆောက်ပေးကြသည့် ဆည်မြောင်းဝန်ထမ်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားလိုကြောင်း။

ကူညီဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဒေသခံပြည်သူများအတွက် သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းစေမည့် ရေလွှဲဆည်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရန် မှာကြားလိုကြောင်း၊ မိမိတို့အကျိုး၊ နိုင်ငံတော်အကျိုးအတွက် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက်လည်းကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ယခုကဲ့သို့ နယ်မြေဒေသအသီးသီး၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒိုက်ဦးမြို့နယ်မှ ဦးသိန်းမြင့်က ဘိုင်းဒါးရေလွှဲဆည်ကို တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် မင်္ဂလာအချိန်တွင် ဘိုင်းဒါးရေလွှဲဆည် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များက ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဘိုင်းဒါးရေလွှဲဆည် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)



ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖဲကြိုးဖြတ်၍ ဘိုင်းဒါးရေလွှဲဆည် စီမံကိန်းကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးတို့သည် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းအမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဘိုင်းဒါးရေလွှဲဆည်၏ ရေပေးမြောင်းနှင့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရေလွှဲဆည် တည်ဆောက်ခဲ့မှုလုပ်ငန်းများ ဆည်ရေသောက်စနစ်နှင့် တည်ဆောက်ဆဲကာလမှာပင် ဆည်ရေပေးဝေမှု၊ နွေစပါးစိုက်ပျိုးမှုတို့ကို မှတ်တမ်းတင်ပါဝါပွိုင့်နှင့် ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)ဝန်ထမ်းများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဆည်ရေပေးဝေရေး၊ သီးနှံပုံစံဖြင့် စိုက်ပျိုးထုတ်လုပ်ရေးတို့ကိုမှာကြားကာ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဘိုင်းဒါးရေလွှဲဆည်သည် ဖွင့်လှစ်ပြီး ဘိုင်းဒါးရေလှောင်တမံအောက်ဘက် ၁၆ မိုင်အကွာတွင် တည်ရှိပြီး ရေလွှဲဆည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အမြင့် ၂၀ ဒသမ ၅ ပေ၊ အကျယ်ပေ ၂၅၀၊ အလျား ၉၈ ပေ ရှိသည်။ တူးမြောင်းမကြီးမှာ ၁၅ မိုင်ရှည်ပြီး လက်တံမြောင်းလေးခုပါရှိကာ အရှည် ၅၇ မိုင်ရှိသည်။ တူးမြောင်းအဆောက်အအုံ ၁၃၆ ခုဖြင့် ဆည်ရေပေးဝေကာ ဆည်ရေပေးနိုင်သည့် ဧကမှာ ၄၆၇၀၀ ဖြစ်သည်။ ဘိုင်းဒါးတမံမှ ဆည်ရေကို ရေလွှဲဆည်တည်ဆောက်ဆဲကာလမှာပင် ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် နွေစပါးစိုက်ပျိုးခဲ့သည်။ ယခုအခါ ရေလွှဲဆည်ရေဖြင့် သီးထပ်စိုက်ပျိုးနိုင်မည့်အပြင် ဒေသတွင်း မိုးရာသီ ရေလွှမ်းရေမြုပ်မှုကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ကာ ဒေသခံတောင်သူများအနေဖြင့် တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည့် စီမံကိန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လယ်မြေဧက ၄၆၇၀၀ စိုက်ပျိုးရေပေးဝေမည့် ဘိုင်းဒါးရေလွှဲဆည် ပြွန်တန်ဆာလွင်ပြင်၌ မိုးအခါ ရေလွှမ်းမှုကို ကာကွယ်ပေးနိုင် နွေစပါး၊ မိုးစပါးနှင့် ပဲအမျိုးမျိုးတို့ ရာသီအလိုက်လုပ်ကိုင်ရ၍ဝင်ငွေတိုး

ကွင်းဆင်းမေးမြန်းသူ – ကျော်စိန်၊ ဓာတ်ပုံ – အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် မေ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် စပါးသီးနှံအပါအဝင် သီးနှံများ ပိုမို စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရေကြီးမှုအန္တရာယ်မှ ကာကွယ်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုကာလအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် စစ်တောင်းမြစ်ဝှမ်း စီမံကိန်းတွင် ပါဝင်သော ဘိုင်းဒါးရေလှောင်တမံစီမံကိန်းကို ဆောင်ရွက်ခဲ့သည်။

ရေလွှမ်းမှုသက်သာစေ

ဘိုင်းဒါးရေလှောင်တမံ စီမံကိန်းကို ဘိုင်းဒါးချောင်းပေါ်တွင် အလျားပေ၁၄၀၀၊ အမြင့် ၁၂၂ပေရှိပြီး ရေပမာဏ ဧကပေ ၃၇၄၀၀၀ ခန့်ကို သိုလှောင်နိုင်သော ရေလှောင်တမံ တည်ဆောက်၍ဒိုက်ဦးမြို့နယ်အတွင်းရှိ လယ်မြေ ဧက ၄၆၇၀၀၌ သီးနှံဧရိယာဧက ၈၆၇၀၀ ကို ရေပေးဝေစိုက်ပျိုးနိုင်ရန်နှင့် ပြွန်တန်ဆာလွင်ပြင်တွင် မိုးတွင်းအခါ ရေလွှမ်းမိုးမှုကို အထိုက်အလျောက် သက်သာစေရန် ဆောင်ရွက်လျက်ရှိသည်။

ဖွင့်လှစ်ခဲ့

ဘိုင်းဒါး ရေလှောင်တမံစီမံကိန်းအရ ဘိုင်းဒါးရေလှောင်တမံကို ၁၉၉၉–၂၀၀၀ ခုနှစ်တွင် စတင် တည်ဆောက်ပြီး ၂၀၀၂ ခုနှစ် မေလ ၁၀ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ဘိုင်းဒါးရေလှောင်တမံစီမံကိန်းအရ သိုလှောင်နိုင်သော ဧကထက်ပို၍ ရေအားကောင်းခြင်း ကြောင့်လည်းကောင်း၊ ဘိုင်းဒါးရေလှောင်တမံမှာ တောင်ပေါ်တွင် တည်ဆောက်ခြင်းကြောင့်လည်းကောင်း ရေသွယ်မြောင်းအဆောက်အအုံများဖြင့် ရေမလွှတ်နိုင်ခြင်းကြောင့် ဘိုင်းဒါးရေလှောင်တမံမှ ၁၆ မိုင်ခန့်အကွာတွင် ဘိုင်းဒါးရေလွှဲဆည်ကို တည်ဆောက်ခဲ့ပြီး မေ ၁၉ရက်က ဖွင့်လှစ်ခဲ့သည်။

ဘိုင်းဒါးရေလွှဲဆည် တည်ဆောက်ခဲ့ခြင်းနှင့် ပတ်သက်၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် ဘိုင်းဒါးရေလွှဲဆည် တည်ရှိရာသို့ အရောက်သွားခဲ့ပြီး ဘိုင်းဒါးရေလွှဲဆည်မှ ဦးစီးအရာရှိ (မြို့ပြ) ဦးနီထွန်းအား တွေ့ဆုံမေးမြန်းခဲ့သည်။

လယ်မြေ ဧက ၄၆၇၀၀ ပေါ်တွင် သီးနှံဧရိယာ ၈၆၇၀၀ ဧကကို သီးထပ် စိုက်ပျိုးနိုင်ရန် ရေပေးဝေနိုင်မှာ ဖြစ်ပါတယ်။

ဦးနီထွန်း ဦးစီးအရာရှိ(မြို့ပြ)

သံကူကွန်ကရစ်အမျိုးအစား

ဦးနီထွန်းအား တွေ့ဆုံမေးမြန်းရာတွင် ဘိုင်းဒါး ရေလှောင်တမံသည် တောင်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်၍ မြေပြင်အနေအထားအရ တိုက်ရိုက်ရေပေး၍ မရကြောင်း၊ တူးမြောင်းမှ ရေမပေးနိုင်သောအနေအထားရှိပါကြောင်း၊ ထို့အတွက်ကြောင့် ရေလွှဲဆည်ကို တည်ဆောက်ရခြင်း ဖြစ်ပါကြောင်း၊ ဘိုင်းဒါး ရေလွှဲဆည်အမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစား ဖြစ်ကြောင်း။

ဘိုင်းဒါးရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း လယ်မြေဧက ၄၆၇၀၀ ခန့်ပေါ်တွင် သီးနှံဧရိယာဧက ၈၆၇၀၀ ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး မိုးရာသီအတွင်း ရေလွှမ်းမိုး နစ်မြုပ်လေ့ရှိသည့် လယ်မြေများအား ရေလွှမ်းမိုးမှုအန္တရာယ်မှ အထိုက်အလျောက် အကာအကွယ် ပေးနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများအနေဖြင့် တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာကြတော့မည့် စီမံကိန်းဖြစ်သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဘိုင်းဒါးရေလှောင်တမံစီမံကိန်း တူးမြောင်းများမှ ရေပေးခြင်းကို ရယူ၍ သီးနှံစိုက်ပျိုးနေသော တောင်သူများအား တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

တွေ့ဆုံမေးမြန်း

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ရွာတန်းရှည်ကျေးရွာမှ တောင်သူဦးသောင်းဟန်အား တွေ့ဆုံမေးမြန်းသည်။

မေး။ ဦးသောင်းဟန် ဘာလုပ်ကိုင်ပါသလဲ။

ဆည်ရေရတဲ့အတွက် မိုးစပါး၊ ပဲ၊ နွေစပါး သုံးသီးစိုက်ရလို့ အကျိုးခံစားခွင့်တွေ ပိုရလာပါတယ်။

လယ်လုပ်စားတာ အနှစ် ၃၀ ကျော်ကြာပြီဖြစ်သော ဒရယ်မီးအုပ်စုမှ ဦးသောင်းဟန်

ဖြေ။ လယ်ယာစိုက်ပျိုးပါတယ်။

မေး။ ဘယ်နှဧက စိုက်ပျိုးပါသလဲ။

ဖြေ။ ၁၇ဧက လုပ်ပါတယ်။

မေး။ စိုက်ပျိုးတာ သုံးသီးစိုက်နေကြတယ်လို့ ကြားပါတယ်။

ဖြေ။ ဟုတ်ပါတယ်၊ စိုက်တာက မိုးစပါး၊ ပဲ၊ နွေစပါး သုံးသီးဖြစ်ပါတယ်။ ဆည်ရေရတဲ့အတွက် ခံစားခွင့် အများကြီးရပါတယ်။ မြေကိုစောစော ထွန်နိုင်ပါတယ်။ မျိုးစေ့လဲ စောစောချနိုင်ပါတယ်။ အခုဆို ကျွန်တော့် အလုပ်သမားတွေ မျိုးစေ့ချပြီးကြပါပြီ၊ အခုဆိုရင် မိုးစပါးတွေ စိုက်ဖို့ ပျိုးကြဲပြီးပါပြီ၊ နွေစပါးငါးဧက စိုက်ပါတယ်။ အခုဆိုရင် နွေစပါးတွေ ထောင်နေပါပြီ၊ မိုးစပါးစိုက်ဖို့ ထယ်တွေ ဘာတွေ ထိုးနေပါပြီ၊ ဆည်ကပေးတဲ့ရေကို သုံးချင်သလို သုံးလို့ ရပါတယ်။

မေး။ ရေလွှဲဆည်ကြီးပြီးတဲ့ နောက်ပိုင်း ရေကြီးတာတို့၊ ပျက်စီးတာတို့ ရှိသေးလား။

ဖြေ။ ရေကြီးတာတို့၊ ပျက်စီးတာတို့ မရှိပါဘူး။ စိုက်လို့ပျိုးလို့ ကောင်းပါတယ်၊ စပါးလဲထွက်ပါတယ်၊ ပဲလဲထွက်ပါတယ်၊ ဒါတွေဟာ နွေစပါးတွေပေါ့၊ အကျိုးရှိပါတယ်၊ ကျွန်တော်တို့အပေါ်ကို မိဘသဖွယ် လိုအပ်တာတွေချပေးပါတယ်၊ မြေဩဇာတို့၊ မျိုးစပါးတို့ချပေးလို့ စိုက်ပျိုးနေပါပြီ။

တောင်သူကြီး ဦးသောင်းဟန်အား မေးမြန်းအပြီးတွင် လယ်ထဲမှ တက်လာသော လယ်သူရင်းငှား(လယ်လုပ်သား) ကိုသက်နိုင်နှင့် ကိုသိန်းမြင့်တို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ မောင်သက်နိုင်၊ ကိုသိန်းမြင့်တို့ ဘယ်ရွာကပါလဲ။

ဖြေ။ ဘိုင်းဒါးစံပြကျေးရွာကပါ။

တစ်နှစ်ကို စပါးနှစ်သီးစိုက်နိုင်လို့ တစ်သီးကို ငါးသောင်းကျပ်နှင့် အခုဆို တစ်နှစ် ကျပ်တစ်သိန်းစီ အသားတင် ရတော့မှာပါ။

ဘိုင်းဒါးစံပြကျေးရွာမှ လယ်သူရင်းငှား (လယ်လုပ်သား) ကိုသက်နိုင်နှင့် ကိုသိန်းမြင့်

မေး။ ဘာလုပ်ကိုင် စားသောက်ပါသလဲ။

ဖြေ။ လယ်လုပ်သား (လယ်သူရင်းငှား) လုပ်ပါတယ်။

မေး။ လုပ်ခဘယ်လိုရပါသလဲ၊

ဖြေ။ တစ်နှစ်ကို တစ်သိန်းရပါတယ်၊ တစ်ယောက် တစ်သိန်းရပါတယ်။

မေး။ တစ်သိန်းက ဘယ်နှသီးအတွက် ရပါသလဲ။

ဖြေ။ တစ်သီးအတွက် ငါးသောင်းပါ၊ နှစ်သီးစိုက်တော့ တစ်သိန်းရပါတယ်၊ ဟိုတုန်းကတော့ တစ်သီးဆိုတော့ ငါးသောင်းပဲ ရပါတယ်၊ အခုတော့ နှစ်သီးစိုက်တာမို့လို့ တစ်သိန်းရတာပါ။

မေး။ ဘာစပါးတွေစိုက်ကြပါသလဲ၊

ဖြေ။ ကျော်ဇေယျတို့၊ မနောသုခတို့၊ ရတနာအောင်တို့ စိုက်ပါတယ်။

ဆက်လက်၍ လယ်တောင်သူတစ်ဦးဖြစ်သော ဦးလှသောင်းအား တွေ့ဆုံမေးမြန်းသည်။

မေး။ ဦးလှသောင်း ဘယ်ရွာကပါလဲ။

ဖြေ။ ဒရယ်မီးရွာမှာ နေပါတယ်။

ဆည်မှ ရေပေးလို့ စပါးကို သီးထပ်စိုက်နိုင်တာ ဖြစ်ပါတယ်။ လယ်လုပ်သားတွေလဲ လုပ်ခ နှစ်ဆရလို့ ဝမ်းသာကြတာပေါ့။

ဒရယ်မီးကျေးရွာ လယ်သမား ဦးလှသောင်း

မေး။ ဘာလုပ်ကိုင်ပါသလဲ။

ဖြေ။ လယ်လုပ်ပါတယ်၊ စပါးသီးထပ်နဲ့ ပဲစိုက်ပါတယ်၊ အခုရေတွေရလို့ တစ်နှစ်မှာ သုံးသီးစိုက်ပါတယ်။ နွေစပါးရယ်၊ ပဲရယ်၊ မိုးစပါးရယ်စိုက်ပါတယ်၊ ခြောက်ဧကစိုက်ပါတယ်။ အခုလိုဆည်မှ ရေပေးတဲ့အတွက် အတော်အဆင်ပြေပါတယ်၊ ဟိုတုန်းကတော့ ဒီလိုအခွင့်အရေးမျိုး မရခဲ့ပါဘူး၊ ဆည်မှရေရတဲ့အတွက် စပါးတွေ သီးထပ်စိုက်နိုင်တာဖြစ်လို့ ဝင်ငွေတိုးပါတယ်၊ လယ်လုပ်သားတွေလဲ လုပ်ခ နှစ်ဆရပါတယ်၊ မိဘလို ကြည့်ရှုစောင့်ရှောက်ပေးတဲ့ နိုင်ငံတော်အစိုးရရဲ့စေတနာကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး တောင်သူတစ်ဦးဖြစ်သော ရွာတန်းရှည်ကျေးရွာမှ ကိုမြင့်ဇော်အား တွေ့ဆုံမေးမြန်းသည်။

မေး။ ကိုမြင့်ဇော် ဘယ်ရွာမှာ နေပါသလဲ။

ဖြေ။ ရွာတန်းရှည်ကျေးရွာမှာ နေပါတယ်။

မေး။ အလုပ်အကိုင်က ဘာလုပ်ပါသလဲ။

ဖြေ။ လယ်လုပ်ပါတယ်၊ လယ်၁၅ ဧက လုပ်ပါတယ်၊ အခု သုံးသီးစိုက်ပါတယ်၊ အရင်တုန်းက နှစ်သီး စိုက်ပါတယ်၊ မိုးစပါး

လယ်၁၅ဧက လုပ်ပါတယ်။ စပါးပြီး စပါး နှစ်သီး စိုက်ခွင့်ရတော့ နှစ်ဆ ပိုအကျိုးရှိလာလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။

ရွာတန်းရှည် ကျေးရွာသား ကိုမြင့်ဇော်

ရယ်၊ ပဲရယ်၊ အခုစပါးပြီး စပါးစိုက်ပါတယ်၊ နွေစပါးပေါ့။

မေး။ အခုနွေစပါးစိုက်ရတော့ ဝင်ငွေ ပိုမလာဘူးလား။

ဖြေ။ အရင်ကထက် အကျိုးပိုရှိလာပါတယ်၊ အရင်က ဝင်ငွေထက် နှစ်ဆလောက် ပိုတက်လာပါတယ်၊ အခုလို ဝင်ငွေတိုးအောင် ဆည်ရေများ ချပေးတာကြောင့် ပီတိဖြစ်ရပါတယ်ဟု မြန်မာ့အလင်းအား ပြောကြားသည်။

ဆက်လက်၍ ရွာတန်းရှည်ကျေးရွာမှ တောင်သူဦးသောင်း အား တွေ့ဆုံမေးမြန်းသည်။

မေး။ အလုပ်အကိုင် ဘာလုပ်ပါသလဲ။

ဖြေ။ တောင်သူပါခင်ဗျာ။

မေး။ လယ်ဘယ်နှဧက စိုက်ပါသလဲ။

ဖြေ။ ၁၆ ဧက စိုက်ပါတယ်။

အရင်က နွေမှာ ရေမရှိလို့ မြေတွေ ခြောက်ခန်းပြီး မြက်ဆိုလုံးဝမရှိဘူး၊ အခုတော့ စိမ်းစိမ်းစိုစိုနဲ့ ကျွဲနွားအစာတွေ ပေါလာပါတယ်။

အနှစ် ၂၀ ကျော် လယ်ယာလုပ်ကိုင်လာခဲ့သူ ဦးသောင်း

မေး။ ဆည်ကြီး တည်ဆောက်ပေးတဲ့အတွက် ဘယ်လိုအကျိုး ခံစားရပါသလဲ။

ဖြေ။ ဆည်တည်ဆောက် ပေးတဲ့အတွက် ကျွန်တော်တို့ တောင်သူတွေ အကျိုးများစွာ ခံစားရပါတယ်။ ဝင်ငွေ နှစ်ဆ သုံးဆ တိုးလာပါတယ်။ လူတွေမပြောနှင့် ကျွဲနွားတွေပါ အဆင်ပြေပါတယ်။ ရေမိုးအဆင်ပြေတော့ အစာဝဝလင်လင် စားရပါတယ်။ အရင်တုန်းကဆိုရင် နွေရာသီမှာ ရေမရှိတဲ့အတွက်ကြောင့် မြေတွေ ခြောက်ခန်းပြီး မြက်ဆို လုံးဝမရှိဘူး။ အခုတော့ စိမ်းစိမ်းစိုစိုနှင့် ကျွဲနွားအစာ ပေါလာတယ်။ လူတွေဆိုရင်လဲ လုပ်ခွင့်တွေ အများကြီး ရလာတယ်။ လက်လုပ် လက်စားတွေအနေနှင့် လုပ်ငန်းတွေ အများကြီး ကျယ်လာတယ်။ တောင်သူတွေအနေနဲ့လဲ သီးထပ်တွေ လုပ်ရတော့ မနားကြရပါဘူး။ ဝင်ငွေတွေ တိုးပါတယ်။ နွေစပါးရယ်၊ မိုးစပါးရယ်၊ ပဲရယ် ရာသီအလိုက် လှည့်ပတ်လုပ်နေရတော့ နားချိန် မရပါဘူး။ ကိုယ်တိုင်လဲ မလုပ်နိုင်တော့၊ လယ်လုပ်သားတွေ ငှားရတော့ လက်လုပ် လက်စား သမားတွေ ဝင်ငွေတိုးပါတယ်၊ အဲဒီလို ခံစားရတဲ့အတွက် နိုင်ငံတော်ကို အင်မတန် ကျေးဇူးတင်ပါတယ်၊ ဆည်ကြီး တည်ဆောက်ကြတဲ့ ဆည်မြောင်းဝန်ထမ်းများကိုလဲ များစွာ ကျေးဇူးတင်ပါတယ် ဟု၍ မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ ။ **(မြန်မာ့အလင်း)**

ပဲခူးတိုင်း ဒိုက်ဦးမြို့ အနောက်မြောက်ဘက် ၁၆ မိုင်ခန့်အကွာ လှည်းဝိုင်းကျေးရွာအနီး တည်ဆောက် ပြီးစီးသွားသော ဘိုင်းဒါးရေလွှဲဆည်နှင့် သဲထုတ်တံခါးကို ဤသို့ တွေ့ရသည်။

ပြင်သစ်နိုင်ငံ ကိန်းမြို့ရှိ ဆိပ်ကမ်း တစ်နေရာကို မေ ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယခုနှစ်အတွင်း တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုစံချိန်တင်

ပေကျင်း မေ ၂၀

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ပြည်ပမှကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုမှာ ၁ ဒသမ ၂ သန်းရှိခဲ့ရာ ယမန်နှစ် အလားတူကာလကထက် ၁၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းမှာ လာမည့် ၂၀၀၈ ခုနှစ် အိုလံပစ်ပွဲတော်အတွက် ခရီးသွားလုပ်ငန်းများ ပိုမိုမြှင့်တင်ရန် သဘောတူညီပြီးနောက် ပိုမိုများပြားလာခြင်း ဖြစ်သည်။

မြင့်တက်

စာရင်းဇယားများအရ ဧပြီလတစ်လတည်းမှာပင် အိုလံပစ်ပွဲတော် အဓိကဒေသများသို့ ပြည်ပမှ ကမ္ဘာလှည့် ခရီးသည်ဧည့်သည် ၄၀၇၀၀၀ ရောက်ရှိခဲ့ရာ ၂၀၀၆ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်လျှင် ၁၄ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ကြောင်း ပေကျင်း စာရင်းအင်းဌာနက သတင်းထုတ်ပြန်သည်။

အများဆုံး

ကမ္ဘာလှည့်ခရီးသည် အများစုမှာ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့မှ ဖြစ်ကြပြီး ဧပြီလအတွင်းတွင် အများဆုံး လာရောက်ခဲ့ကြခြင်း ဖြစ်သည်။

လည်ပတ်

ထို့အတူ ဟောင်ကောင်၊ ထိုင်ဝမ် (တရုတ်)နှင့် မကာအိုမြို့များတွင်လည်း ယခုနှစ် ပထမလေးလအတွင်း ကမ္ဘာလှည့်ခရီးသည် ၁၇၃၀၀၀ လာရောက်လည်ပတ်ခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် ရှစ်ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

မျှော်မှန်း

အိုလံပစ်ပွဲတော် ကာလအတွင်း ပေကျင်းမြို့သို့ ပြည်ပမှ ကမ္ဘာလှည့်ခရီးသည် ၅၅၀၀၀၀ နှင့် ပြည်တွင်းခရီးသွား နှစ်သန်းခန့် လာရောက်လည်ပတ်မည်ဟု မျှော်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နှင့်ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

ပေကျင်း မေ ၂၀

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စွမ်းအင်ကဏ္ဍ တိုးတက်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများကဲ့သို့သော ကဏ္ဍများ၊ ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံပြုလုပ်ရန် မေ ၁၈ ရက်က သဘောတူညီလိုက်သည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် အလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်သမ္မတ ငုယင်မင်ထရက်တို့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ အပြန်အလှန် ရင်းနှီးမြှုပ်နှံရေး စသည်တို့ကိုလည်း မြှင့်တင်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုခဲ့ကြသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စိန်ဝါနှစ်လုံး ဒေါ်လာရှစ်သန်းဖြင့် လေလံတင်ရောင်း

ဂျိနီဗာ မေ ၂၀

ပြင်သစ် ဒုတိယနိုင်ငံတော်ခေတ်၏ ရောမစိန်ဝါနှစ်လုံးကို ဒေါ်လာရှစ်သန်းဖြင့် လေလံတင်ရောင်းချရေးအဖွဲ့ ဆိုသီဘီက ရောင်းချလိုက်ကြောင်း၊ ယင်းမှာ ခန့်မှန်းသည်ထက် ဈေးနှစ်ဆကျော် ပိုရကြောင်း ဆိုသီဘီက မေ ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါ စိန်ဝါများတွင် တစ်လုံးမှာ သစ်တော်သီးပုံရှိပြီး အလေးချိန် ၈၂ ဒသမ ၄၈ ကရက် ရှိသည်။ ၎င်းကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၆သန်းဖြင့် လေလံတင်ရောင်းလိုက်ပြီး ကျန်တစ်လုံးမှာ ကူရှင်ပုံဖြစ်ကြောင်း အလေးချိန် ၁၀၂ ဒသမ ၅၄ ကရက်ရှိပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၅သန်းဖြင့် ရောင်းချလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းစိန်ဝါနှစ်လုံးကို အမည်မဖော်လိုသူတစ်ဦးက တယ်လီဖုန်းဖြင့် ဝယ်ယူသွားကြောင်း သိရသည်။ အမ်အင်န်အေ၊ရိုက်တာ

အေဘီစီသတင်းဌာန ဝန်ထမ်းနှစ်ဦး အီရတ်၌ အသတ်ခံရ

နယူးယောက် မေ ၂၀

အီရတ်နိုင်ငံ၌ မေ ၁၇ ရက်တွင် သေနတ်သမားတို့က အေဘီစီသတင်းဌာန ဝန်ထမ်းနှစ်ဦးကို သတ်ဖြတ်လိုက်ကြောင်း မေ ၁၈ ရက်က ထုတ်ပြန်ကြေညာသည်။

အသတ်ခံရသူနှစ်ဦးမှာ အလာအုဒင်အဇစ် (၃၃)နှစ်နှင့် ဆာအစ်လိတ်ယူစွပ်(၂၆)နှစ်တို့ နှစ်ဦးဖြစ်ကြောင်း အေဘီစီသတင်းဌာနက ကြေညာသည်။

၂၀၀၃ ခုနှစ်ကတည်းက အီရတ်၌ အသတ်ခံရသည့် သတင်းစာဆရာပေါင်း ၁၀၄ ဦးရှိကြောင်း ရိုက်တာက ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

အစွန်းရောက်တို့ ဟားမတ်စ်ယာဉ်တန်းကို တိုက်ခိုက် သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

ဂါဇာ မေ ၂၀

ဂါဇာမြို့ လမ်းတစ်လမ်းပေါ်တွင် မောင်းနှင်နေသော ဟားမတ်စ်အဖွဲ့ဝင်များ စီးနင်းလာသည့် ယာဉ်တစ်စီးကို မေ ၁၈ ရက် မွန်းလွဲပိုင်းက အစ္စရေးတို့က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဟားမတ်စ်အဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း ၎င်းသတင်းရပ်ကွက်က ဂါဇာ၌ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ ဂါဇာမြောက်ပိုင်း ရှိတ်ရက်ဝမ် ဆင်ခြေဖုံး၌ ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိသွားသည်ဟု သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျီကျင်း ပြည်နယ် နန်ဘိုမြို့၌ ၂၀၀၇ ခုနှစ် မယ်စကြဝဠာ ပြိုင်ပွဲအတွက် ရွေးချယ်ခြင်းခံရသည့် အလှမယ် ဝေဇီယာအား မေ ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၄၀၅ဦး ရှိပြီ

ဘဂ္ဂဒက် မေ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ မေ ၁၈ ရက်က သီးခြားတိုက်ပွဲတစ်ခုဖြစ်ပွားရာ ကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က မေ ၁၉ရက်က ထုတ်ပြန်ကြေညာသည်။

ပေါက်ကွဲ

အဆိုပါ သေဆုံးသူကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ဒီရာလာပြည်နယ်၌ မေ ၁၈ရက်က ၎င်းတို့၏ သယ်ယူပို့ဆောင်ရေး ယာဉ်ဖြတ်သန်းစဉ် ပေါက်ကွဲမှုဖြစ်ပွားရာ ကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ရကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြသည်။

အခင်းဖြစ်

ဘဂ္ဂဒက်မြို့ တောင်ပိုင်းဒေသတွင် မေ ၁၇ရက်က သီးခြားတိုက်ပွဲတစ်ခု၌ ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိသည်။ ဒဏ်ရာရသူသုံးဦးမှာ တာဝန်ထမ်းဆောင်ရာမှ ပြန်လာစဉ် အဆိုပါ အခင်းဖြစ်ပွားခြင်း ဖြစ်သည်။

ဖော်ပြ

၂၀၀၃ခုနှစ်မှ အီရတ်သို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ စတင်ကျူးကျော်ဝင်ရောက်ကတည်းက အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၄၀၅ဦး ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန် စစ်ဌာနချုပ်၏ စာရင်းမှတ်တမ်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကနေဒါတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျ

အော့တဝါ မေ ၂၀

ကနေဒါနိုင်ငံအရှေ့ပိုင်း အွန်တာရိုပြည်နယ်တွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျသဖြင့် တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက မေ ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါလေယာဉ်မှာ အွန်တာရိုပြည်နယ်မြောက်ပိုင်းတွင် ပျက်ကျသွားခဲ့ကြောင်း၊ လေယာဉ်ပျက်ကျရာနေရာသို့ လေယာဉ်များဖြင့် ရှာဖွေ၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ကနေဒါ သတင်းစာတစ်စောင်က သတင်းထုတ်ပြန်သည်။

သတင်းမရ

လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ သတင်းမရရှိသေးကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ဂျာဗား ပြည်နယ် အလယ်ပိုင်း ဂျော့ဂျ်ဂျကာတာမြို့ပြင်တွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်ပြီးနောက် အပျက်အစီးများကို မေ ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲ ကျင်းပ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၀

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရေး လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက အောင်ဆန်းအားကစားပြိုင်ဝင်းတွင်ကျင်းပရာ ဂိုး–အောင်အောင်ဦး ခေါင်းဆောင်သော အဝါရောင်အသင်းက ရန်ပိုင်ခေါင်းဆောင်သည့် အပြာရောင်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အကြိုတ်အနယ်

နှစ်သင်းစလုံး ပဏာမလက်ရွေးစင်များဖြစ်သည်နှင့်အညီ အမှားမခံ၍ အကြိုတ်အနယ် ယှဉ်ပြိုင်ကစားသွားသည်။ အထူးသဖြင့် ပထမပိုင်းတွင် အဝါရောင်အသင်းသည် ဂိုးသွင်းခွင့် လေးကြိမ်ရရှိသော်လည်း ဂိုးဘားပေါ်ကျော်ခြင်း၊ ဘားတန်းထိထွက်ခြင်းတို့ကြောင့် ဂိုးမရရှိဘဲ ပထမပိုင်းအပြီးတွင် သရေကျနေခဲ့သည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် အပြန်အလှန် ထိုးဖောက်ကစားရာ ပွဲမှာ ပထမပိုင်းထက် ပိုမိုကစားလာပြီး ဂိုးသွင်းခွင့်ရရေးအတွက် အထူးကြိုးစား ကစားသွားသည်။ ပြိုင်ပွဲမစမီ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က တစ်ဂိုးသွင်းလျှင် ကျပ်နှစ်သောင်းချီးမြှင့်မည်ဟု ပြောကြားရာ နှစ်သင်းစလုံး ဂိုးရရှိရေးအတွက် ကြိုးစားကစားသွားသော်လည်း နှစ်သင်းစလုံး၏ နောက်တန်း ခံစစ်မှူးများ ကောင်းခြင်းနှင့် ဂိုးသမားများ နေရာယူမှန်ခြင်းတို့ကြောင့် ဂိုးမရရှိဘဲဖြစ်နေရာမှ ဒုတိယပိုင်း ပွဲချိန် ၅၂ မိနစ်တွင် အဝါရောင်အသင်းက ပြစ်ဒဏ်ဘောရရှိ၍ နံပါတ်(၅) အောင်ဝင်းနိုင် ဂိုးအတွင်းသို့ ကန်သွင်းရာ အပြာရောင်ဂိုးသမား သီဟစည်သူ ပုတ်ထုတ်ကာကွယ်သော်လည်း ဂိုးဝင်သွား၍ အဝါရောင်အသင်း တစ်လုံးတည်းသောအနိုင်ဂိုး ရရှိသွားသည်။

မကျော်နိုင်

အပြာရောင်အသင်း အရှုံးဂိုး ချေပရေးအတွက် ပြန်လည်တိုက်စစ်ဆင်ထိုးဖောက်ကစားသော်လည်း အဝါရောင်အသင်း နောက်တန်းခံစစ်မှူးများကို မကျော်လွှားနိုင်၍ တစ်လုံးတည်းသောဂိုးဖြင့် အရှုံးပေးလိုက်ရသည်။

အဝါရောင်

အဝါရောင်အသင်းတွင် အသင်းခေါင်းဆောင် **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** ထက်အောင်၊ ဝင်းဇော်အောင်၊ ကျော်ဇေယျာမင်းနှင့် အောင်ဝင်းနိုင်၊ **(အလယ်တန်း)** စိုးမင်းဦး၊ ကျော်ဇင်ဝင်း၊ ကျော်သက်ဦးနှင့် အောင်မိုး၊ **(ရှေ့တန်း)** ညီညီစိုးနှင့် အောင်ကျော်မျိုး၊ အရန်ကစားသမားများမှာ အောင်ထွန်းလင်း၊ တိုးမြင့်လှိုင်၊ ထွန်းလင်းအောင်၊ မျိုးဇော်ဦး၊ ကျော်ကျော်ခိုင်၊ သူရအောင်နှင့် ဂိုး–ဖြိုးမင်းမောင်တို့ ပါဝင်ကြသည်။

အပြာရောင်

အပြာရောင်အသင်းတွင် **(ဂိုး)** သီဟစည်သူ၊ **(နောက်တန်း)** ချန်းချန်း၊ ဝင်းမင်းထွဋ်၊ ကျော်ဇေယျာဝင်းနှင့် မင်းကိုကို၊ **(အလယ်တန်း)** မျိုးဝင်းထွဋ်၊ ကျော်ခိုင်ဝင်း၊ စိုးလင်းထွန်း၊ ထွန်းထွန်းဝင်းနှင့် အောင်ကိုမင်း၊ **(ရှေ့တန်း)** ညွန့်ဝင်းနှင့် အောင်ကျော်ထွန်း၊ ဟိန်းရာဇာဝင်းနှင့် အသင်းခေါင်းဆောင် ရန်ပိုင်၊ စိုးမြတ်မင်းနှင့် ဂိုး–ညီညီလွင်တို့ ပါဝင်ကြသည်။

အပြာရောင်အသင်း

လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်သည့် အပြာရောင်အသင်း။

အဝါရောင်အသင်း

လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်သည့် အဝါရောင်အသင်း။

လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်ကို မေ ၂၁ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အနီရောင်အသင်းနှင့် အဖြူရောင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ဘောလုံးဝါသနာရှင်များအား သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲတွင် အပြာရောင်အသင်းမှ အဝါရောင်အသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

တရားမဝင်လောင်စာဆီ အရောင်းဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

မွန်ပြည်နယ် ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက် ဗိုလ်ချုပ်လမ်း(ယခင် ဇဋိလရပ်ရှင်ရုံအနီး)ဆိုင်တစ်ဆိုင်တွင် တရားမဝင် လောင်စာဆီများ သိုလှောင်ရောင်းချနေသဖြင့် မီးဘေးစိုးရိမ်နေရပါသောကြောင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ကားရပ်နားသည့်နေရာ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား–

ပုဇွန်တောင်မြို့နယ် လမ်း၅၀ အထက်လမ်းတစ်လျှောက်၌ ကားရပ်နားခွင့်ရှိသော လမ်းဘေးနေရာများပေါ်တွင် မော်တော်ယာဉ်များ ရပ်နားခြင်း မပြုနိုင်ရန် နည်းအမျိုးမျိုးဖြင့် အတားအဆီး ပြုလုပ်ထားကြပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်မောင်းတစ်ဦး

ပီပါခွံများမှပိုးသတ်ဆေးနံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား–

မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် ဘုရင့်နောင်ပွဲရုံတန်း ကံ့ကော်လမ်းသွယ်(၄)ထိပ် ပီပါခွံရောင်းဝယ်ရေးဆိုင်ရှိ ပီပါခွံများမှ ထွက်ရှိသော ပိုးသတ်ဆေးအနံ့များကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူ

မုန့်ဟင်းခါးဖို အငွေ့အပုပ်နံ့ကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းရှင်–

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ လယ်ပြင်လမ်းရှိ မုန့်ဟင်းခါးဖိုသည် နေ့စဉ် နေ့ရောညပါ စက်သံများဆူညံစွာဖြင့် မုန့်ဖတ်များကြိတ်နေခြင်းနှင့် မုန့်ဖိုမှ ရေပုပ်နံ့များထွက်နေခြင်းတို့ကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်ပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

လမ်းပေါ်က ကျူးကျော်မွေးမြူရေးခြံများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

သာကေတမြို့နယ် ၄(မြောက်) ရပ်ကွက် မြို့မ ၁၅လမ်း (ဓာတ်ဆီဆိုင်အနီး)ရှိ လူနေအိမ်များနှင့် မျက်နှာစာလမ်းပေါ်တွင် ကြက်ခြံ၊ ဘဲခြံ၊ ဝက်တဲနှင့်ကျူးကျော်အိမ်များရှိနေရာ တိရစ္ဆာန်များ၏ အနံ့ဆိုးကြောင့် လမ်းသားများ အနှောင့်အယှက်ဖြစ်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စိုးရိမ်သူ

အုတ်ပုံကြောင့် ရေမြောင်း ပိတ်ဆို့နေ

စာတည်းခင်ဗျား–

မှော်ဘီမြို့နယ် လှပဒါးရွာအနီး ဇမ္ဗူထိပ်မဟာအတုလ ဘုန်းတော်ကြီးကျောင်းဘေး လယ်မြေကွက်တွင် မှော်ဘီမြို့ ဘုရားကြီးလမ်းမှ အုတ်လုပ်ငန်းရှင်တစ်ဦးသည် လယ်မြေနှင့် လမ်းကြား ရေစီးမြောင်းပေါ်၌ အုတ်များစုပုံထားသဖြင့် မိုးအခါ ရေထွက်ပေါက်လုံးဝမရှိတော့ပါ။ သို့ပါ၍ ရေစီးရေလာကောင်းမွန်ရေးအတွက် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လှပဒါးရွာသား

လှေကားအတက်အဆင်းမှ ဈေးဆိုင်များဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မြိုင်ဟေဝန်မြို့ပြ အိမ်ရာ(မြောက်ခြမ်း) ရှစ်မိုင်လမ်းဆုံရှိ တိုက်အမှတ်(၂)၏ လှေကားအတက်အဆင်းတွင် နံနက် ၅ နာရီမှ ည ၈ နာရီခွဲအထိ စားသောက်ဆိုင်များမှာ မီးဖိုများ၊ ဈေးခုံများတည်ခင်းပြီး လူသွားလမ်းကို ပိတ်ဆို့၍ ရောင်းချနေသဖြင့် ပတ်ဝန်းကျင် ပြည်သူများ မီးဘေးအန္တရာယ်စိုးရိမ်နေရပြီး အညှော်နံ့ကို နေ့စဉ် ရှူရှိုက်နေရပါ၍ အဆိုပါဈေးဆိုင်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မြိုင်ဟေဝန်သား

ထုရိုက်သံနားမခံနိုင်မှု ဆောင်ရွက်ပြီးစီး

၁၄–၅–၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဘုရင့်နောင် ၁လမ်း အရှေ့ပိုင်းရှိ သံသေတ္တာဆိုင်မှ ထုရိုက်သံနားမခံသာဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရေပေးချိန် အချိန်မှန်ပေးနိုင်ရေး ဆောင်ရွက်ပြီးစီး

၃၀–၄–၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျောက်တန်းမြို့ ရွှေကုန်းရပ်ကွက် အိမ်သုံးရေကို အချိန်မှန်ပေးဝေနိုင်ရေး** ပေးစာနှင့်ပတ်သက်၍ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကျူးကျော်လက်ဖက်ရည်ဆိုင် ဖယ်ရှားပြီး

၉–၄–၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ညောင်တုန်းမြို့နယ် ဆားမလောက်(စံပြ)ကျေးရွာ ဈေးထိပ်၊ ဈေးပိုင်မြေပေါ်တွင် ခြံဝင်းခတ်၍ လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ရောင်းချနေ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဘင်နီတက်ဇ်နဲ့ အန်ဆယ်လော့တီတို့ စီးချင်းထိုးကြမည့်

အေသင်အိုလံပစ်အားကစားကွင်းမှ ချန်ပီယံလိဂ်ဗိုလ်လုပွဲ

သုံးသပ်ရေးသားသူ – မောင်ချစ်ကြည်

ရန်ကုန် မေ ၂၀

ဥရောပ ဘောလုံးကလပ်တွေရဲ့ ဂုဏ်သိက္ခာအမြင့်မားဆုံးပြိုင်ပွဲဖြစ်တဲ့ ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲကို မေ ၂၃ရက်မှာ ဂရိနိုင်ငံ အေသင်မြို့ရဲ့ ပရိသတ် ၇၀၀၀၀ ဆံ့တဲ့ အေသင်အိုလံပစ် အားကစားပြိုင်ကွင်းမှာ လီဗာပူးနဲ့ အေစီမီလန်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပါတော့မယ်။

လီဗာပူးနည်းပြဘင်နီတက်ဇ်ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်နိုင်မှာလား။ (ဓာတ်ပုံ–အင်တာနက်)

ပြိုင်ဘက်ဟောင်း

ချန်ပီယံလိဂ် သမိုင်းကြောင်းမှာ အစဉ်အလာကောင်းခဲ့ကြတဲ့ ထိပ်တန်းကလပ်တွေရဲ့ အားပြိုင်ပွဲဖြစ်တဲ့အပြင် ပြိုင်ဘက်ဟောင်းတွေလဲဖြစ်တဲ့ ဒီပွဲဟာ ယခုနှစ်ဘောလုံးရာသီမှာတော့ အကောင်းဆုံးဘောလုံးပြိုင်ပွဲ တစ်ပွဲအဖြစ် ပရိသတ်တွေ မြင်တွေ့ရပါတော့မယ်။

၂၀၀၅ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာလဲဆုံတွေ့ခဲ့ကြဖူးတဲ့ စိန်ခေါ်ဘက်အသင်းတွေမို့ အေစီမီလန်တို့က ရှုံးကြွေးပြန်ဆပ်နိုင်မလား၊ လီဗာပူးတို့ကပဲ နိုင်ကြွေးအသစ် ထပ်တင်လိုက်မလားဆိုတာကလဲ စိတ်ဝင်စားစရာကောင်းနေပါတယ်။

အောင်မြင်မှုအရဆုံး

ပြိုင်ဘက်နှစ်သင်းဟာ ချန်ပီယံလိဂ်ဖလားပြိုင်ပွဲတွေမှာ ခြေစွမ်းပြနိုင်ခဲ့တဲ့အသင်းတွေဖြစ်ပြီး အေစီမီလန်က လက်ရှိအချိန်အထိ ချန်ပီယံလိဂ်ဖလား ခြောက်ကြိမ်ရရှိထားပြီး လီဗာပူးက ငါးကြိမ်ရရှိထားပါတယ်။ အေစီမီလန်ဟာ ချန်ပီယံလိဂ်သမိုင်းမှာ ရီးရဲမက်ဒရစ်အသင်းပြီးရင် အောင်မြင်မှုအရဆုံး အသင်းဖြစ်နေသလို လီဗာပူးကလဲ ချန်ပီယံလိဂ်မှာတော့ တတိယမြောက်အောင်မြင်မှုအရဆုံး အသင်းဖြစ်ပါတယ်။ ယခုနှစ်ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲဟာ အရင်ကပွဲတွေထက် မက်လုံးလဲ ပိုရှိနေပါတယ်။ ချန်ပီယံလိဂ်မှာ ဗိုလ်စွဲခဲ့တဲ့ အသင်းဟာ ယူအီးအက်ဖ်အေက ချီးမြှင့်တဲ့ယူရိုငွေ ၂၂ ဒသမ၇ သန်းကျော် ရရှိမှာ ဖြစ်တဲ့အပြင်ကွင်းဝင်ကြေး ရှယ်ယာ ငွေတွေလဲ ရရှိမှာဖြစ်ပါတယ်။ ဒုတိယရတဲ့အသင်းကလဲ ဆုကြေးငွေ ယူရိုလေးသန်း အပါအဝင် အရပ်ရပ်ဆုကြေးငွေယူရို ၁၅သန်းကျော် ရရှိမှာဖြစ်တာမို့ မက်မောစရာပါပဲ။

လီဗာပူး

ချန်ပီယံလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာခဲ့တဲ့ လီဗာပူးအသင်းရဲ့ အနေအထားကို ကြည့်ရင် လီဗာပူးဟာ ချန်ပီယံလိဂ် ကွာတား

လီဗာပူးအသင်း အောင်နိုင်ရေး စတီဗင်ဂျရတ် ဤသို့ အောင်ပွဲခံနိုင်မည်လား။ (ဓာတ်ပုံ–အင်တာနက်)

ဖိုင်နယ်မှာ ပီအက်စ်ဗွီအသင်းကို အဝေးကွင်းမှာ သုံးဂိုးပြတ်နှင့် အိမ်ကွင်းမှာ တစ်ဂိုး–ဂိုးမရှိရလဒ်တွေနဲ့ အနိုင်ရပြီး ပေးဂိုးမရှိ အကြိုဗိုလ်လုပွဲကိုတက်ရောက်လာတဲ့ အသင်းဖြစ်ပါတယ်။

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာ နာမည်ကြီးနေတဲ့ ချယ်လ်ဆီးကို အနိုင်ယူပြီး ဗိုလ်လုပွဲကို တက်ရောက်လာခဲ့ခြင်းဖြစ်လို့လီဗာပူးရဲ့ ဗိုလ်လုပွဲ အထိ ခရီးလမ်း ဖြတ်သန်းမှု ဟာ တကယ့် ထိပ်တန်းအသင်းတွေကိုခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရတာပါ။

အရပ်ခြောက်ပေ ခုနစ်လက်မရှိသော ခေါင်းတိုက်ဂိုး အားထားရသည့် လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်။ (ဓာတ်ပုံ–အင်တာနက်)

အာရုံစိုက်

လီဗာပူးအသင်းကို အကျပ်အတည်းက နေပြီး ရုန်းထွက်နိုင်အောင်လဲ နည်းပြဘင်နီတက်ဇ် အစွမ်းကုန်ကြိုးစားနေတာမို့ လီဗာပူးအသင်း အခုလို ဗိုလ်လုပွဲအထိ ရောက်လာတာဆိုရင်လဲ မမှားပါဘူး။ ဘင်နီတက်ဇ်ဟာလောလောဆယ်အချိန်မှာတော့ ပြည်တွင်းမှာ ကစားနေရတဲ့ ပရီမီယာလိဂ် ပွဲစဉ်တွေလဲ ပြီးဆုံးသွားခဲ့ပြီမို့ ချန်ပီယံလိဂ် ဗိုလ်လုပွဲ အပေါ်မှာသာ အချိန်ပြည့်အာရုံစိုက်ထားပြီး ပြင်ဆင်နေပြီ ဖြစ်ပါတယ်။

အကွက်ချ

အေစီမီလန်ရဲ့အားသာချက်၊ အားနည်းချက်တွေကို အစအဆုံး ကောင်းကောင်းသိထားသူတစ်ဦးလဲ ဖြစ်တာမို့ ဘယ်လိုနည်းဗျူဟာခင်းကျင်းရင် အနိုင်ရမယ်၊ ဘယ်အချိန်မှာ ဘယ်ကစားသမားကို အစားထိုးရင် ရလဒ်ပြောင်းသွားနိုင်တယ် ဆိုတာကို စနစ်တကျတွက်ချက် အကွက်ချနေပြီဖြစ်ပါတယ်။

ဘင်နီတက်ဇ်ဟာ ယခုရာသီမှာ ဂိုးသွင်း ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူး ပီတာခရော့ချ်ကို ပွဲထုတ်မှာ ဖြစ်သလို ပီတာခရော့ချ်နဲ့ အတွဲညီနေတဲ့ ကူရစ်ကိုလဲ တိုက်စစ်မှာ တွဲထားမှာပါ။ ဒီတိုက်စစ်အတွဲက တန်ပြန်တိုက်စစ်တွေနဲ့ ဘယ်၊ ညာတောင်ပံက ဖြတ်တင်တဲ့ အမြင့်ဘောတွေက တစ်ဆင့် ဂိုးရအောင်သွင်းယူလိမ့်မယ်။

လီဗာပူးကွင်းလယ်မှာတော့ အသင်းခေါင်းဆောင် ဂျရတ်နဲ့ ဆစ်ဆိုကိုတို့ အပြင် အခုနောက်ပိုင်းမှာ ခြေစွမ်းပြလာတဲ့ တောင်ပံကစားသမား ပင်းနန့်ကိုလဲ သုံးပါလိမ့်မယ်။ လီဗာပူး ကွင်းလယ်ဟာ အေစီမီလန် ကွင်းလယ်ကစားသမားတွေနဲ့ ယှဉ်နိုင်ပါတယ်။ ဂျရတ်နဲ့ ဆစ်ဆိုကိုတို့ဟာ အတွဲလဲညီပြီး အဆုံးအဖြတ်ဂိုးတွေကိုလဲ သွင်းယူနိုင်တဲ့ သူတွေပါပဲ။

နောက်တန်း

ဘင်နီတက်ဇ် အဓိကစဉ်းစားရမှာက လီဗာပူးနောက်တန်းပါပဲ။ အေစီမီလန်ရဲ့ တိုက်စစ်မှူးတွေကို လက်ရှိ လီဗာပူးခံစစ်မှူးတွေ ကစားပုံနဲ့ဆိုရင် လုံလောက်တဲ့ ဟန့်တားမှုမရနိုင်ပါဘူး။ အေစီမီလန်တိုက်စစ်မှူးတွေရဲ့ အင်အားပြည့် ထိုးဖောက်တိုက်စစ်ဆင်မှုကို ခံစစ်အားပြုတဲ့ ဘင်နီတက်ဇ် နည်းဗျူဟာအတိုင်း ခုနစ်ယောက်အထိ ဆင်းကစားမယ်ဆိုရင်တော့ တန်ပြန်တိုက်စစ်မှာ အားနည်းသွားပါလိမ့်မယ်။ ၂၀၀၅ ခုနှစ်က အစ္စတန်ဘူလ်မြို့မှာ ကစားခဲ့တဲ့အတိုင်း သုံးဂိုးပြတ်သွင်းနိုင်ခဲ့လို့ အေစီမီလန်ကစားသမားတွေ ကစားအားချလိုက်တဲ့အချိန်ကို အမိအရဆုပ်ကိုင်ပြီး တန်ပြန် တိုက်စစ်တွေက တစ်ဆင့် ချေပဂိုးတွေသွင်းယူနိုင်ခဲ့တဲ့ လီဗာပူးရဲ့ ကစားကွက်အတိုင်းတော့ ဘင်နီတက်ဇ် ပြန်ခင်းကျင်းတော့မှာ မဟုတ်ပါဘူး။ လီဗာပူးမှာလက်စွမ်းပြနေတဲ့ ဂိုးသမားရေးနာကလဲ လီဗာပူးအတွက် သူ့ရဲ့ကောင်းတစ်ဦးပါပဲ။ လီဗာပူးဂိုးပေါက်ကိုတည်တည်ငြိမ်ငြိမ်နဲ့ ကာကွယ်ပေးနေတာကြောင့် ဒီနှစ်ချန်ပီယံလိဂ် ပြိုင်ပွဲဝင်အသင်းတွေရဲ့ ဂိုးသမားတွေထဲမှာတော့ ရေးနာဟာ အကောင်းဆုံးပါပဲ။

အဓိကပြိုင်ဘက်

ဒီပွဲရဲ့ အဓိက ပြိုင်ဘက် နှစ်ဦးက ဘင်နီတက်ဇ်နဲ့ အန်ဆယ်လော့တီတို့ အားပြိုင်ပွဲဖြစ်တာမို့ အေသင်ကို ချီတက်လာမယ့်ဘင်နီတက်ဇ်ဟာ အကြိုဗိုလ်လု

အေစီမီလန်၏ အဓိက အားထားရာ ကာကာ။ (ဓာတ်ပုံ–အင်တာနက်)

ပွဲမှာ ချယ်လ်ဆီးတို့ ငိုပွဲဖြစ်အောင် ဖန်တီးနိုင်ခဲ့သလို အေစီမီလန်ကိုလဲ အခုဗိုလ်လုပွဲမှာ ထပ်ပြီး အစွမ်းပြခဲ့ရင် အေစီမီလန်ဘောလုံးသမားတွေနဲ့ ပရိသတ်တွေ မျက်ရည်စမ်းမှာမဟုတ်တော့ပါဘူး။

ဒီလိုပါပဲ ယခုနှစ် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာခဲ့ပြန်တဲ့ အေစီမီလန်ဟာ ကွာတားဖိုင်နယ်မှာ ဘိုင်ယန်မြူးနစ်ကို တစ်ပွဲနိုင်၊ တစ်ပွဲသရေ နှစ်ပွဲပေါင်းရလဒ် လေးဂိုး–နှစ်ဂိုးနဲ့ ကျပ်ကျပ်တည်းတည်း အနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။

အကြို ဗိုလ်လုပွဲမှာ ဖာဂူဆန်ရဲ့ မန်ယူကို အဝေးကွင်းမှာ ရှုံးခဲ့ပေမယ့် အိမ်ကွင်းမှာ အနိုင်ရပြီး နှစ်ပွဲပေါင်း ရလဒ်နဲ့ဗိုလ်လုပွဲရောက်ခဲ့တာမို့ ကြိုးစားရုန်းကန်ခဲ့ရတာပါပဲ။ ပြည်တွင်းမှာ ကစားနေတဲ့ စီးရီးအေပြိုင်ပွဲတွေ မပြီးသေးလို့ အာရုံစိုက်ထားရသလို ယခုအရေးအကြီးဆုံး ချန်ပီယံ လိဂ်ဗိုလ်လုပွဲစဉ်အတွက် ဒဏ်ရာ အနာတရ မဖြစ်အောင်လဲ နည်းပြအန်ဆယ်လော့တီ ဆုတောင်းနေခဲ့ရပါတယ်။

တွန်းအား

လီဗာပူးနည်းပြ ဘင်နီတက်ဇ်ရဲ့ အစွမ်းကို ရင်နင့်အောင်ခံစားခဲ့ရဖူးလို့ အန်ဆယ်လော့တီဟာ ရင်ထိတ်နေတာတော့ အမှန်ပါပဲ။ အင်္ဂလန်အသင်းတွေထဲမှာ နည်းစနစ်ပိုင်းမှာ အားအနည်းဆုံးဟာ လီဗာပူးအသင်းလို့ပြောနေပေမယ့် လီဗာပူးတို့ ပေးထားတဲ့ ဒဏ်ရာဟာ အန်ဆယ်လော့တီ အပါအဝင် အေစီမီလန် ဘောလုံးသမားတွေရဲ့ ရင်မှာ မကျက်သေးပါဘူး။ ပြန်စဉ်းစားရင် ပူဆွေးနေဆဲ ဖြစ်တာမို့ ဒီခံစားချက်ဟာ လီဗာပူးကို အနိုင်ယူဖို့ တွန်းအားတွေ ဖြစ်စေခဲ့ပါပြီ။

အန်ဆယ်လော့တီ

အေစီမီလန်အသင်း နည်းပြ အန်ဆယ်လော့တီ၏ ဗျူဟာ အခင်းအကျင်းကို မြင်တွေ့ကြရမည်။

(ဓာတ်ပုံ–အင်တာနက်)

ကာကာ

အေစီမီလန်ရဲ့ အောင်မြင်မှုတွေရဖို့ စွမ်းဆောင်ပေးနေသူက ကာကာ ဖြစ်ပြီး ကာကာ၊ ဂတ်တူဆိုနဲ့ မာလ်ဒီနီတို့က အေစီမီလန်တို့ ခုနစ်ကြိမ်မြောက် ချန်ပီယံလိဂ်ဖလား လက်ထဲရောက်အောင် ကြိုးစားပေးကြတော့မယ့်သူတွေပါပဲ။

ကာကာနဲ့ အင်ဇာဂီတို့ရဲ့ ထက်မြက်တဲ့ တိုက်စစ်ကို လျော့ရဲနေတဲ့ လီဗာပူးခံစစ်ကြောင်း ဘယ်လောက်အထိတောင့်ခံနိုင်မလဲဆိုတာ မြင်တွေ့ရပါတော့မယ်။ ကျားနာလို ဖြစ်နေတဲ့ အေစီမီလန်ဟာ ဒီတစ်ကြိမ်မှာတော့ လီဗာပူးကို သေချာပေါက် အနိုင်ကစားပြီး ချန်ပီယံလိဂ်ဖလားကို ရယူတော့မှာပါ။

အသက်ကြီးသော်လည်း ခြေစွမ်းထက်မြက်ဆဲဖြစ်သူ အေစီမီလန်အသင်းမှ ဂတ်တူဆို။

(ဓာတ်ပုံ–အင်တာနက်)

အန်ဆယ်လော့တီ ကတော့ ဒီနှစ် ဆုဖလားရရင် ငွေကြေး၊ ဆုကြေး ဘယ်လောက်ပေးမယ်ဆိုတာ အေစီမီလန် ကလပ်က လူကြီးတွေ ဘာမှမပြောကြားပေမယ့် လီဗာပူးအပေါ် အနိုင်ရရှိမယ့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုက ငွေကြေးတန်ဖိုးသတ်မှတ်လို့ မရအောင် မြင့်မားနေပါတယ်လို့ ဆိုပါတယ်။

ဘာဖြစ်လို့လဲ ဆိုတော့ ပြိုင်ဘက် လီဗာပူးကလပ်က ဒီနှစ်ချန်ပီယံလိဂ်မှာ ဖလားရရှိခဲ့ရင် လီဗာပူး အသင်းသားတွေကို တစ်ဦးလျှင် ပေါင်တစ်သိန်းပေးမယ်လို့ မက်လုံးပေးပြောကြားလိုက်တာကြောင့် လီဗာပူးဘောလုံးသမားတွေ စိတ်ဓာတ်အင်အားတက်သွားချိန်မှာ အန်ဆယ်လော့တီက သူ့ရဲ့ဘောလုံးသမားတွေကို အခုလို အားပေးလိုက်ခြင်းပဲဖြစ်ပါတယ်။

အခုပွဲမှာ လီဗာပူးကို အနိုင်လိုချင်ရင်တော့ အန်ဆယ်လော့တီခေါင်းမာတတ်တာကို ပြင်ရပါလိမ့်မယ်။ အချိန်ကိုက်ပြောင်းလဲတတ်တဲ့ နည်းဗျူဟာနဲ့ ကစားသမား အစားထိုးမှုမှာ ဘင်နီတက်ဇ်နဲ့ ယှဉ်ရင်တော့ အန်ဆယ်လော့တီ အားမသာပါဘူး။ သူကြိုက်တဲ့ပုံစံနဲ့ကစားသမားပြောင်းလဲဖို့ ဝန်လေးနေတတ်တဲ့ အန်ဆယ်လော့တီဟာ ဒီပွဲမှာ သူ့စိတ်ဓာတ်ကို ပြောင်းလဲမှ ရပါလိမ့်မယ်။

ခြေစွမ်း

ဒီတစ်ကြိမ်မှာလဲ လီဗာပူးတို့ကသာ အနိုင်ရသွားခဲ့ရင် အေစီမီလန်အသင်းသမိုင်းမှာတော့ အန်ဆယ်လော့တီအမည်ဟာ ဖျက်မရအောင် အမည်းစက် စွန်းထင်း ကျန်ရစ်ခဲ့မှာ သေချာပါတယ်။ ဒါပေမယ့် လီဗာပူးရဲ့ ဒီနှစ်ခြေစွမ်းနဲ့ ကစားအားကိုကြည့်ပြီး အေစီမီလန် ပရိသတ်တွေကတော့ ချန်ပီယံလိဂ်ဖလားအတွက် အောင်ပွဲခံဖို့တောင်ကြိုတင် ပြင်ဆင်နေကြပြီဖြစ်တာမို့ တကယ်တမ်းလက်တွေ့ အကောင်အထည်ဖော်ဖို့ပဲ ကျန်ပါတော့တယ်။

အားသာချက်

လီဗာပူးနဲ့အေစီမီလန်တို့ရဲ့ အနေအထားကို ကြည့်ရင် အေစီမီလန်က တစ်ဦးချင်းရော နေရာလိုက်ပါ အားသာချက်တွေရှိနေပါတယ်။ အတွေ့အကြုံ ရင့်ကျက်ပြီး ပြိုင်ပွဲရလဒ်ကိုရအောင်ယူနိုင်တဲ့ ကစားသမားတွေ ရှိနေသလိုလက်ရှိခြေစွမ်းကလဲ အကောင်းဆုံးအနေအထားမှာ ရောက်ရှိနေချိန်ဖြစ်ပါတယ်။ ဒါကြောင့်လီဗာပူးနဲ့ အေစီမီလန်တို့ရဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲဟာ ဘင်နီတက်ဇ်နဲ့ အန်ဆယ်လော့တီတို့ရဲ့ စီးချင်းထိုးပွဲလဲ ဖြစ်နေတာမို့ အေသင် အိုလံပစ်အားကစားကွင်းကြီးထဲမှာ ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်ခွင့်ရတဲ့ အသင်းဟာ ဘယ်အသင်းဖြစ်မယ်ဆိုတာ ရင်ခုန်လှိုက်မောစွာနဲ့ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

(ကိုးကား–အင်တာနက်)

ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုဖလား စတုဂတ်တို့ ပဉ္စမအကြိမ်ဆွတ်ခူးသွားပြီ

မြူးနစ် မေ ၂၀

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၃၄) နောက်ဆုံးပွဲစဉ်အဖြစ် မေ ၁၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စတုဂတ်အသင်းသည် အိမ်ကွင်း၌ ကော့ဘတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဘွန်ဒက်စ်လီဂါ ချန်ပီယံ ဖြစ်သွားပြီဖြစ်သည်။

ဆွတ်ခူး

စတုဂတ်အသင်းသည် ယခုနှစ် ဘွန်ဒက်စ်လီဂါချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခြင်းသည် ပဉ္စမအကြိမ်မြောက် ဆွတ်ခူးနိုင်ခြင်း ဖြစ်သည်။

ဖွေဆော်ဦးဂိုး

သို့ရာတွင် ထိုနေ့က ကော့ဘတ်အသင်းသည် အဝေးကွင်းကစားခဲ့ရသော်လည်း ပွဲချိန် ၁၉မိနစ်တွင် ရာဒူးက ဖွေဆော်ဦးဂိုး သွင်းယူခဲ့သည်။

ချေပဂိုးသွင်းယူ

စတုဂတ်တို့ ချေပဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၂၇မိနစ်တွင် အက်စ်တွန်ဗီလာ ကစားသမားဟောင်း သောမတ်ဟစ်စပီယာဂါက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

အနိုင်ရ

ဒုတိယပိုင်းပြန်စချိန်တွင် တစ်သင်းနှင့်တစ်သင်း အနိုင်ဂိုးသွင်းယူနိုင်ရေးအကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားရာ ပွဲချိန်၆၃မိနစ်တွင် ဆာမီခီဒီယာက အနိုင်ဂိုးသွင်းယူနိုင်ခဲ့၍စတုဂတ်တို့ ရာသီအကုန် ပန်းအဝင် မျက်နှာပန်းလှသွားသည်။ ထိုနေ့က စတုဂတ်တို့ ရှုံးနိမ့်ခဲ့သည်ရှိသော် ဒုတိယနေရာမှ ရှော်လ်ကေးတို့ ဖလားတက်ယူသွားနိုင်သည်။ ယင်းနေ့တွင်ရှော်လ်ကေးအသင်းကလည်းဘီလီဖီးလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

အိပ်မက်ပျက်ပြယ်

သို့သော်လည်း စတုဂတ်အသင်းသည် ကော့ဘတ်ကို အနိုင်ရလိုက်သဖြင့် ရမှတ် ၇၀ရပြီး ရှော်လ်ကေးထက် နှစ်မှတ်အသာရရှိကာ ဘွန်ဒက်စ်လီဂါဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရေးသားသူ
မြင့်မောင်စိုး

စတုဂတ်တို့ ပဉ္စမအကြိမ်မြောက် ဘွန်ဒက်စ်လီဂါဖလား ကိုင်မြှောက်နိုင်ခဲ့၍ ရှော်လ်ကေးအသင်းသည် နှစ်ပေါင်း ၄၉နှစ်အတွင်း ပထမဆုံးအကြိမ် ဘွန်ဒက်စ်လီဂါဖလား ဆွတ်ခူးရန် အိပ်မက် ပျက်ပြယ်သွားခဲ့ရသည်။

တိုက်စစ်အားကောင်း

စတုဂတ်အသင်းသည် ပရီမီယာလိဂ်မှ အာဆင်နယ်အသင်းကဲ့သို့ လူငယ်ခြေတက်များဖြင့် ဖွဲ့စည်းထားသည့် အသင်းဖြစ်၍ တိုက်စစ်အားကောင်းသော အသင်းဖြစ်သည်။

အောင်မြင်မှု

စတုဂတ်တို့ ဘွန်ဒက်စ်လီဂါဖလားအပြင် ယခုနှစ်တွင် ဂျာမန်ဖလားကိုလည်း ဆွတ်ခူးနိုင်ဖွယ်ရှိသည်။ မေ ၂၆ ရက်တွင် စတုဂတ်နှင့် နုရင်ဘတ်အသင်းတို့ ဂျာမန်ဖလား ဗိုလ်လုပွဲကစားရန် ရှိနေသေးသည်။ ယင်းပွဲစတုဂတ်တို့အနိုင်ရခဲ့လျှင် ယခုနှစ်အတွင်း စတုဂတ်၏အောင်မြင်မှုသည် ဘွန်ဒက်စ်လီဂါတွင် အထွတ်အထိပ်သို့ရောက်ရှိလိမ့်မည်ဖြစ်သည်။

ထိုနေ့က ဘိုင်ယန်မြူးနစ်အသင်းသည် တန်းဆင်းဖုန်ရောက် မိန့်ဇ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ သို့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ် ဘွန်ဒက်စ်လီဂါတွင် ဖလားလက်လွှတ်ခဲ့ရသည့်အပြင် အမှတ်ပေးဇယား နံပါတ် (၄)နေရာ၌သာ ချိတ်နိုင်ခဲ့သည်။

ယင်းနံပါတ် (၄)သာ ရရှိခဲ့သဖြင့် ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့် ချန်ပီယံလိဂ်ခြေစစ်ပွဲနှင့်ပါ လွဲချော်ခဲ့ရပြီ ဖြစ်သည်။

ဒုတိယတန်းဆင်း

အဆိုပါ ဘွန်ဒက်စ်လီဂါပွဲစဉ်အပြီး မိန့်ဇ်နှင့် အာချန်တို့သည် ဂလာဘတ်အသင်းနှင့်အတူ ဒုတိယတန်းသို့ ဆင်းသွားခဲ့ပြီ ဖြစ်သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အောင်ပွဲခံ

ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုဖလားနှင့်အတူ အောင်ပွဲခံနေသောစတုဂတ် အသင်း။

ချယ်လ်ဆီးကွင်းလယ်၌ မြင်တွေ့ရတော့မည့် ဆစ်ဝဲလ်

လန်ဒန် မေ ၂၀

၂၀၀၆-၂၀၀၇ ပရီမီယာလိဂ် ဘောလုံးရာသီ ပွဲစဉ်အားလုံး ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ပြိုင်ဆိုင်မှု အားကောင်းလာသော ထိပ်တန်း အသင်းကြီးများအနေဖြင့် ယခုအချိန်မှစတင်ကာ ကစားသမားအသစ် ဖြည့်တင်းမှုများ ပြုလုပ်နေပြီဖြစ်ရာ အက်ဖ်အေဖလားချန်ပီယံ ချယ်လ်ဆီးက ရက်ဒင်းကွင်းလယ်ကစားသမား ဆစ်ဝဲလ်ကို ခေါ်ယူတော့မည်ဖြစ်သည်။

ချယ်လ်ဆီးမှ ခေါ်ယူမည့် ဆစ်ဝဲလ်မှာ ချယ်လ်ဆီးအတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာမည့်သူ တစ်ဦးဖြစ်သည်။

မွေးဖွား

အမည်ရင်း စတီဗင်ဂျိမ်းစ်ဆစ်ဝဲလ်မှာ အင်္ဂလန်နိုင်ငံ ဝန်းစ်ဝေါ့မြို့၌ ၁၉၈၂ခုနှစ် ဒီဇင်ဘာ ၁၄ရက်တွင် မွေးဖွားခဲ့သူဖြစ်ရာ ယခုအသက်(၂၅) နှစ် အရွယ်ရှိသူဖြစ်သည်။

အငှားချ

ဆစ်ဝဲလ်သည် ၁၉၉၉ခုနှစ်မှ ၂၀၀၁ခုနှစ်အထိ အာဆင်နယ်လူငယ် ကစားသမားတစ်ဦး ဖြစ်ခဲ့သည်။ အာဆင်နယ်အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဘရိုက်တန်အသင်းသို့ အငှားချထားခဲ့သည်။

ခြေစွမ်းပြ

ထို့နောက် ၂၀၀၃ခုနှစ်တွင် အာဆင်နယ်မှ ရက်ဒင်းကလပ်သို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။ ဆစ်ဝဲလ်သည် ရက်ဒင်းကလပ်၌ကွင်းလယ်ဘောလုံးသမားအဖြစ် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ရက်ဒင်းအသင်း၏ အဓိကဘောလုံးသမား တစ်ဦးလည်း ဖြစ်လာခဲ့သည်။

ဆစ်ဝဲလ်သည် ကွင်းလယ်၌ ဖြန့်ကြက်ကစားနိုင်သလို တိုက်စစ်မှူးများအား ဘောလုံးခင်းပေးရာတွင်လည်း ထိရောက်တိကျသော ပံ့ပိုးပေးမှုများကြောင့် ရက်ဒင်း တိုက်စစ်မှူးများ ဂိုးသွင်းအား ကောင်းခဲ့ကြသည်။

ဂိုးသွင်းယူနိုင်

ထို့အပြင် ဆစ်ဝဲလ်သည် ကွင်းလယ်တွင် ဘောလုံးအဖြတ်အတောက်

ကွင်းလယ်ကစားသမား ဆစ်ဝဲလ်

ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာမည့် ကွင်းလယ် က စား သ မား ဆစ်ဝဲလ်။

ကောင်းမွန်သည့်အပြင် ဂိုးလည်း သွင်းယူနိုင်သူဖြစ်ရာ ယခု ၂၀၀၆-၂၀၀၇ ဘောလုံးရာသီအထိ ရက်ဒင်းအတွက် ၁၆၉ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၂၉ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

အမှားအယွင်းနည်း

ဆစ်ဝဲလ်သည် လျင်မြန်မှု၊ တိကျမှုနှင့် အမှားအယွင်းနည်းမှုတို့ကြောင့် ရက်ဒင်းအသင်း၏ ပထမ ဦးစားပေး ဘောလုံးသမား ဖြစ်လာခဲ့သလို ပွဲတိုင်းနီးပါး ပါဝင်ကစားခဲ့ရသည်။ ဒဏ်ရာအနာတရ မဖြစ်အောင်လည်း ရှောင်တိမ်းကစားတတ်သော ပါးနပ်သည့် ကွင်းလယ်ကစားသမား တစ်ဦးလည်း ဖြစ်သည်။

ဖြည့်တင်း

ချယ်လ်ဆီးအသင်းသည်လာမည့် ဘောလုံးရာသီတွင် ကွင်းလယ်ကစားသမား လိုအပ်နေရာ ယင်းလိုအပ်ချက်ကို ဆစ်ဝဲလ်နှင့် ဖြည့်တင်းလိုက်ခြင်းပင် ဖြစ်သည်။

ယခုအခါ ချယ်လ်ဆီးအသင်းနှင့် ဆွေးနွေးမှုများ သဘောတူညီချက် ရရှိခဲ့ပြီဖြစ်ရာ လာမည့် ဘောလုံးရာသီ၌ ချယ်လ်ဆီးကွင်းလယ်တွင် ဆစ်ဝဲလ်ကို မြင်တွေ့ရတော့မည် ဖြစ်သည်။ လောလောဆယ်တွင် ဆစ်ဝဲလ် အနေဖြင့် ချယ်လ်ဆီးနှင့် ဆေးစစ်မှုများ ပြုလုပ်မည်ဖြစ်သည်။

ပြောင်းရွှေ့လာ

ချယ်လ်ဆီးသို့ ဆစ်ဝဲလ် ပြောင်းရွှေ့ရာတွင် အလွတ်ပြောင်းရွှေ့မှုဖြစ်သော်လည်း ချယ်လ်ဆီး၌ သီတင်းတစ်ပတ်လျှင် သူ့အား လုပ်ခလစာပေါင်ငါးသောင်းပေးရမည်ဖြစ်သည်။ ဆစ်ဝဲလ်နှင့် ရက်ဒင်းတို့၏ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီ၌ ကုန်ဆုံးမည်ဖြစ်သောကြောင့် ယခုကဲ့သို့ ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာနိုင်ခြင်း ဖြစ်သည်။

ပထမခြေလှမ်း

ဆစ်ဝဲလ်အား ပရီမီယာလိဂ် အသင်းဖြစ်သော နယူးကာဆယ်က ခေါ်ယူခဲ့သော်လည်း ငြင်းပယ်ကာ ချယ်လ်ဆီးကိုသာ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် လူငယ်ကစားသမားများနှင့် အစားထိုးပြောင်းလဲမှုကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ရာ ယခုနှစ်ခေါ်ယူမည့် ဆစ်ဝဲလ်သည် ချယ်လ်ဆီးအတွက် နောက်နှစ်ဘောလုံးရာသီ ပြင်ဆင်မှု၌ ပထမခြေလှမ်းပင် ဖြစ်သည်။

စုစည်းရေးသားသူ
မောင်မောင်မြင့်ဆွေ

(ကိုးကား-အင်တာနက်)

ဟားဂရေ့ဗ် မန်ယူသို့ပြောင်းရွှေ့ရေး ဘိုင်ယန်မြူးနစ်က သဘောတူညီပြီ

မြူးနစ် မေ ၂၀

ဘိုင်ယန်မြူးနစ်အသင်းသည် ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်အား မန်ချက်စတာယူနိုက်တက်အသင်းသို့ ရောင်းချရန် သဘောတူညီလိုက်ပြီဖြစ်သည်။

ပြောင်းရွှေ့ကြေး ပေါင်၁၇သန်း

အဆိုပါကွင်းလယ်ကစားသမားသည် မန်ယူသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၇သန်းဖြင့် ပြောင်းရွှေ့ခြင်းဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌ ဘက်ကင်ဘောင်ဝါက ဂျာမန်ရုပ်မြင်သံကြားသို့ ပြောကြားလိုက်သည်။

ယင်းပြောင်းရွှေ့ကြေးမှာ ဘွန်ဒက်စ်လီဂါ ကစားသမားများတွင် ကြေးအမြင့်ဆုံး ပြောင်းရွှေ့ကြေးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပရီမီယာလိဂ်တွင် ပါဝင်ကစားလို

အသက် ၂၆နှစ်ရှိ ဟားဂရေ့ဗ်သည် ဘိုင်ယန်မြူးနစ်၌ ၁၀နှစ်ကြာကစားခဲ့သူဖြစ်သည်။ ပြီးခဲ့သည့် ကမ္ဘာ့ဖလားတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားခဲ့ပြီးနောက် ပရီမီယာလိဂ်တွင် ပါဝင်ကစားလိုကြောင်း ဟားဂရေ့ဗ်က ဝန်ခံပြောကြားသည်။

အိုဝင်ဟားဂရေ့ဗ်သည် ပရီမီယာလိဂ်ချန်ပီယံ မန်ယူနှင့် လေးနှစ်စာချုပ် လိမ့်မည်ဟု မျှော်လင့်ရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ဘွန်ဒက်လီဂါ၌ နံပါတ်(၄)သာချိတ်နိုင်၍ လာမည့်နှစ် ချန်ပီယံလိဂ်ခြေစစ်ပွဲနှင့် လွဲချော်ခဲ့သဖြင့် အိုဝင်ဟားဂရေ့ဗ်သည် ဘိုင်ယန်မြူးနစ် ကစားသမားအဖြစ်မှ စိတ်ပျက်စွာ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဗလင်စီယာအသင်းသည် မေ ၁၉ရက်က မာလော့ကာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သဖြင့် စပိန် လာလီဂါဖလားရရေး မျှော်လင့်ချက်ရှိလာသည်။ ဗလင်စီယာတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် အမှတ်ပေးဇယားတွင် ရမှတ်တူဖြင့် ဦးဆောင်ကစားနေသော ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့နောက်မှ တစ်မှတ်လျော့၍ လိုက်လာသည်။**

* လက်စကီဆိုဖီယာအသင်းသည် မေ ၁၉ရက်က ပြိုင်ဘက် လိုကိုမိုးတစ်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး နှစ်နှစ်ဆက်တိုက် ဘူလ်ဂေးရီးယား ပရီမီယာလိဂ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

* **ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ဟမ်းဘတ်မာစတာ တင်းနစ်ပြိုင်ပွဲတွင် ကားလို့စ်မိုယာအား ၄-၆၊ ၆-၄၊ ၆-၂ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

* ချယ်လ်ဆီးအသင်းမှ နာမည်ကြီးကစားသမားများသည် လာမည့်ရာသီတွင် အပြောင်းအရွှေ့ရှိမည်မဟုတ်ကြောင်း ချယ်လ်ဆီးအမှုဆောင်အရာရှိ ပီတာကင်ယွန်းက ပြောကြားသည်။ **(အင်တာနက်)**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Wisdom Power IT Co., Ltd တို့ပူးပေါင်း၍ Diploma in IT သင်တန်းများဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်း ကြေငြာပါသည်။

၁။ သင်တန်းအမည် --- Diploma in Information Technology
၂။ သင်တန်းအမှတ်စဉ် --- (၂)
၃။ သင်တန်းကာလ --- (၉)လ
၄။ သင်တန်းဖွင့်လှစ်မည့်နေ့ရက် ---- (၃၁)၊ မေလ၊ ၂၀၀၇ခုနှစ်
၅။ လက်ခံမည့်သင်တန်းသားဦးရေ --- သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
၆။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း၊ ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား၊ ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၂၉၁၉၂၅

(၄၅)နှစ်ပြည့် မင်္ဂလာဆုတောင်း

၂၀၀၇ခုနှစ် မေလ ၂၀ ရက်တွင် ပြည့်မြောက်သော **ပါပါဟာဂျီဦးခင်မောင်ကြီး** (သန်လျင်) [ဆိပ်ကမ်းအာဏာပိုင်၊ငြိမ်း]နှင့် **မာမာဟာဂျီမ ဒေါ်မြမြ** တို့၏ (၄၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ကျန်းမာချမ်းသာ၍ ချစ်သောသားသမီး မြေးများနှင့်အတူ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားများ - ဦးဇော်မင်း (3rd Engineer Uniteam Marine) - ဒေါ်မြင့်မြင့်အေး
- ဦးစိုးမင်း (3rd Engineer Uniteam Marine) - ဒေါ်ညိုညိုဝင်း
- ဦးထွေးမင်း (2nd Mate F.G Uniteam Marine) - ဒေါ်ခင်အုန်းသန်း

ချစ်သမီးများ - ဦးမြင့်လှိုင်-ဒေါ်မာလာ
- မစန္ဒာ
- မနီလာ

ချစ်မြေးများ - မအေးသဥ္ဇာဇော်၊ မောင်ဖွဲ့ဇာနည်မင်း၊ မောင်ဉာဏ်သာမင်း၊ မောင်ကောင်းဆက်မင်း၊ မောင်ရဲပြည့်စုံမင်း။

မန္တလေးမှာ ကြော်ငြာပါ ၁၉၉၇ မှ စတင်သည်။
နေ့စဉ်ထုတ်ဝေနေတဲ့ သတင်းစာ(၂)စောင်
မန္တလေးနေ့စဉ် နဲ့ ရတနာပုံနေ့စဉ်
မြနန္ဒာ အချပ်ပို့ကြော်ငြာ
ဗုဒ္ဓဟူး - သောကြာ - စနေ - တနင်္ဂနွေ
02-38225, 72200, 09-99-70692
01-701031, 387010, 253295, 250121

လူထုစိန်ဝင်း အခွင့်အလမ်းဂျာနယ်တွင်ပါရှိခဲ့သော ဆောင်းပါးများ စုစည်းထုတ်ဝေမှု
လူငယ်များနှင့်စကားဝိုင်းဖွဲ့ခြင်း
အခွင့်အလမ်း Opportunity Book House မှ ထုတ်ဝေသည်။ ထွက်ပြီ
အခွင့်အလမ်း စာအုပ်(၁)

သန့် အကောင်းကြိုက်သူများအတွက်
စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ တောင်ပျံမွှေး၊ ပဲဆီမွှေး၊ မွှေးတလုံးပေါ်ကျွဲ၊ ငည်မထ၊ ဘာဇမာတီ၊ ရှမ်းဆန်၊ ကောက်ညှင်း
၆ ပြည်၊ ၁၂ပြည်၊ ၂၄ပြည်အိတ်များကို ဖုန်းဖြင့်မှာကြားလျှင် အိမ်အရောက်ပို့ပေးပါသည်။
အမှတ်(၅၂)၊ ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း(ရိုးမဘဏ်အနီး)
၆၈၁၂၀၉၊ ၆၈၁၂၇၄၊ ၆၈၁၅၀၄၊ ၀၉-၅၅၂၈၁၆၃

စာအုပ်စာပေ လူ့မိတ်ဆွေ

KMD (မြေနီကုန်း) Computer Centre Since 1986
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
:: i-Office :: Introduction to Internet :: Email & Web Design :: Desktop Publishing
:: Graphics Design :: Practical A+ :: Practical Network :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting
အမှတ် ၃၃၁၊ ပြည်လမ်း၊ MK အနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း - ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၃၃

သင့်သွေးဖြင့် အသက်ကယ်ပါ

စာသင်ကျောင်းနှင့် ရေကန်အတွက်လှူဒါန်း

ရန်ကုန် မေ ၂၀

ဆရာတော်ဦးကေသရ(မော်ကွန်းဝင်ပထမဆင့်)နှင့် ကွယ်လွန်သူ မိဘနှစ်ပါးကို အမှူးထား၍ ရန်ကုန်မြို့နေ ဆရာဒွေး(အင်္ဂလိပ်စာ)နှင့်ဇနီးဒေါ်ကြည်ကြည်ဝင်း၊ သမီး ဒွေးစန္ဒာလွင်၊ သားဒွေးသူရိန်ဝင်း မိသားစုက ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဖိန်ချောင်းအလယ်ကျေးရွာတွင် ဗုဒ္ဓဆင်းတုတော်၊ စာသင်ကျောင်း၊ ရေကန်၊ ရေတုံကင်၊ ဇရပ်၊ ရေချမ်းစင်နှင့် စာသင်ခုံများ လှူဒါန်းပွဲကို အဆိုပါ စာသင်ကျောင်းဆောင်သစ်ခန်းမ၌ ဧပြီ ၁၂ ရက်က ကျင်းပခဲ့ရာ အခမ်းအနားတွင် သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခဲ့ပြီး အလှူပစ္စည်းနှင့် အဆောက်အအုံများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် မေ ၂၀

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၉)တွင် ဆရာကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အွန်စောတို့ဌာနေ အခန်းဆက်ခရီးသွားဆောင်းပါးနှင့်အတူ ရန်ကုန်မြို့တော်ရှိ စက်မှုဇုန်များနှင့် အများပြည်သူတို့အား လျှပ်စစ်ဓာတ်အား ယခင်ထက်ပိုမိုပြည့်ဝစွာ ပေးနိုင်တော့မည်၊ ရန်ကုန်မှတ်ပုံတင် သက်တမ်းနှစ်၂၀ကျော်ကား နယ်လုံးဝမပို့ပါ၊ အိမ်မွေးတိရစ္ဆာန်များတွင် ဖြစ်ပွားသော ယားနာအစိုလူသို့ကူးစက်နိုင်၊ အဲပုဂံလေကြောင်း လိုင်း(A-320) လေယာဉ်နှစ်စင်း ထပ်မံဝယ်ယူကာ နိုင်ငံတကာခရီးစဉ်များတိုးချဲ့မည်၊ စင်ကာပူ၊ ကိုရီးယား၊ကမ္ဘောဒီးယား၊ ကူမင်၊ ဒါကာမြို့၊ ချင်နိုင်းမြို့များသို့ ပျံသန်းမည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဒီတစ်ခါ မော်ပညာဘယ်သူပြမှာလဲ အားကစားဆောင်းပါးနှင့်အတူ ဈေးချိုတွက်ခြေကိုက်ဘတ်ဂျက် ဟိုတယ်လုပ်ငန်း၌ အာရှသည် ရင်းနှီးမြှုပ်နှံသင့်၊ ၉၀ ကျော်မှ ကံပေါ်သည့် ဂေါက်သမား ပထမဆုံးအကြိမ် တစ်ချက်တည်းကျင်းဝင်၊ ဂြိုဟ်တုရုပ်သံချိတ်ဆက် လက်တစ်ဖက်ကိုင်ကွန်ပျူတာတောင်ကိုရီးယားကုမ္ပဏီဈေးကွက်တင်၊ ဘဝဆိုသည်အလွန်တို မြန်မြန်ပြတ်စဲဖို့လို၊ အမေရိကန်တို့သည်လည်း ပြင်သစ်တို့ကဲ့သို့ နောက်ဘက်ကမီးလင်းသော်လည်းလိပ်ပြာမသန့်ဖြစ်ကြသည်စသည့်နိုင်ငံတကာရေးရာသတင်းများ၊သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့်အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း၃လမ်း မှတ်တိုင်အနီး)တွင် ၁၂၆(က) ဇီဇဝါလမ်း ၇ ရပ်ကွက် သာကေတမှ ဦးသန်းမောင် (၁၇) နှစ်ပြည့်အား ရည်စူး၍ ဒေါ်ဌွေးဌွေးနှင့် သားသမီး မြေးတစ်စုတို့က ငွေကျပ် တစ်သိန်း ငါးသောင်းကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၂၀

ရန်ကုန် ဂေါက်အသင်း (တညင်းကုန်း)တွင် မေ ၁၈ရက် နံနက် ၈နာရီ၁၅မိနစ်က ဦးအောင်မိုးကျော် (International Beverages Trading Co.,Ltd.) သည် ကစားဖော်များဖြစ်ကြသော ဦးခင်မောင်အောင်နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ် (၈) ၁၄၆ကိုက်ကွာမှ Tit- leist Pro V1 No.2 ဘောလုံးအား Cleveland No.4 Hybrid တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၇
(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ ခန္ဓာပဋိစ္စသမုပ္ပါဒ်ရှင်း တရားတော် (အပိုင်း-၂)
(ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၅၀ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၈:၀၅ တေးဂီတအစီအစဉ်
၈:၁၀ သဘာဝကပေးတဲ့အကျိုးအာနိသင်
၈:၃၀ တေးဂီတအစီအစဉ်
၈:၃၅ မြန်မာ့အနုပညာပန်းငွေထည်လုပ်ငန်း
၈:၅၀ ပြည်တွင်းသတင်းအကျဉ်း
၉:၀၀ Movie Talk
(အကယ်ဒမီဒါရိုက်တာဦးထွန်းလှိုင်နှင့် တွေ့ဆုံခြင်း)
အပိုင်း(၂)
၉:၄၅ တေးဂီတအစီအစဉ်
၉:၅၀ သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ (ကျွဲကောသီး)
၁၀:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅ Yangon Panorama (Instrumental Two Men Show)
၁၀:၄၅ တေးဂီတအစီအစဉ်
၁၀:၅၀ ရှေးမှုမပျက်ကုသိုလ်ယူ ရှင်ပြုနားသ မြတ်သောအလှူ
၁၁:၁၀ မိုးလေဝသခန့်မှန်းချက်
၁၁:၁၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ
(ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်သော ပြဿနာများ)
(ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
(ဇွဲ့သည်တော် ပဥ္စမံဒီရိုင်း)
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ ရေထဲကငွေ
၁၁:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၅ တေးဂီတအစီအစဉ်
၁၂:၁၀ ပန်းရောင်စုံပွင့်လန်း လှိုင်ကော်အိမ်တွင်းမှုသင်တန်း
၁၂:၂၀ တေးဂီတအစီအစဉ်
၁၂:၂၅ အဏ္ဏဝါထဲမှရတနာ(ကဏန်းပျော့)
၁၂:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀ ခဲမဟုတ်တဲ့ ခဲတံ
၁၂:၅၅ တေးဂီတအစီအစဉ်
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ကင်ဆာရောဂါရှင်များ အသက်ရှည်နိုင်ရေးကြိုးပမ်းမည်

လန်ဒန် မေ ၂၀

သက္ကရာဇ်၂၀၂၀ပြည့်အရောက်တွင် ကမ္ဘာပေါ်ရှိ ကင်ဆာရောဂါရှင်သုံးပုံနှစ်ပုံသည် ရောဂါစတင်စစ်ဆေးတွေ့ရှိပြီး ငါးနှစ်အကြာ၌ အသက်ဆက်လက်ရှင်သန်နေဆဲဖြစ်နိုင်ရေး ကြိုးပမ်းမည်ဟု ဗြိတိန်ကင်ဆာသုတေသနအဖွဲ့က ပြောကြားလိုက်သည်။

၁၀ နှစ်ကြာ

ယခုအခါ ကင်ဆာရောဂါရှင် တစ်ဦးသည် ရောဂါစတင်ဖြစ်ပွားပြီး ၁၀နှစ်ကြာသည့်အခါ အသက်ရှင်ရန် ၄၆ဒသမ၂ရာခိုင်နှုန်း ရှိနေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀က ကင်ဆာရောဂါရှင်များမှာ အသက်ရှင်ရန် ၂၃ ဒသမ၆ရာခိုင်နှုန်းသာ ရှိခဲ့သဖြင့် ယခုအရေအတွက်နှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုရှိကြောင်း တွေ့ရှိရသည်။

တိကျကောင်းမွန်

ဗြိတိန်ကင်ဆာ သုတေသနအဖွဲ့၏ ရည်မှန်းချက်များကို ကျန်းမာရေးဌာနက ထောက်ခံသည့် အပြင် ကင်ဆာရောဂါအား ပိုမိုတိကျကောင်းမွန်သော ရလဒ်များရရှိအောင် ဆောင်ရွက်ရန်လိုအပ်နေကြောင်း တိုက်တွန်းထားသည်။

ဆုတောင်းပြည့် နီးဘုရား

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရှေးအစဉ်အဆက် လှူဒါန်းတည်ထား ကိုးကွယ်ခဲ့ကြသည့် ဘုရား၊စေတီပုထိုးတို့မှာ မရေမတွက်နိုင်လောက်အောင် များပြားစွာ ကိန်းဝပ်စံပယ်လျက် ရှိပေသည်။

ထိုထိုသော များပြားလှသည့် ဘုရား၊ စေတီပုထိုးများကို စေ့စုံစွာ ဖူးမြော်နိုင်သူ ရှားပါးလှပေမည်။ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်ဖော်ပြသော ဘုရား၊ စေတီပုထိုးများစွာကိုသာ ဖတ်ရှု ဖူးမြော် ကြည်ညို သဒ္ဓါ ပွားနေကြရမည် ဖြစ်သည်။

မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပခုက္ကူ၊ ပုဂံ-ညောင်ဦး၊ မြောက်ဦး၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ တောင်ကြီးနှင့် မွန်ပြည်နယ်ရှိ ဘုရားစေတီအချို့ကို ကျွန်တော် ဖူးမြော်ခဲ့ဖူးသည်။ ပြည့်စုံ နှံ့စပ်လှသည်တော့ မဟုတ်ပါ။ ကျွန်တော် ဖူးမြော်ခဲ့ဖူးသည့် ဘုရား၊ စေတီပုထိုးများကို ပါရမီရှင်အပေါင်း တို့လည်း ကြည်ညိုသဒ္ဓါပွားများစေလိုသည်ကြောင့် အလျဉ်းသင့်သလို ရေးသားတင်ပြခဲ့သည်။

၂၀၀၆ခုနှစ်အတွင်း ကျိုင်းတုံမြို့၌ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဆုတောင်းပြည့် နီးဘုရားကို ပါရမီရှင်များ ကြည်ညိုသဒ္ဓါ ပွားများစေခြင်းငှာ ရေးသားတင်ပြလိုစိတ် ပြင်းပြနေခဲ့သည်။

ဆုတောင်းပြည့် နီးဘုရားသည် မိုင်းခတ်မြို့နယ် မိုင်းနုန်းကျေးရွာ တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ မိုင်းခတ်မြို့သည် ကျိုင်းတုံမြို့၏ မြောက်ဘက် ၅၁ မိုင်အကွာတွင်ရှိကာ မိုင်းနုန်းမြို့သည် မိုင်းခတ်မြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်အကွာတွင် ရှိသည်။ သို့ပါ၍ ဆုတောင်း ပြည့်နီးဘုရားသမိုင်းကို ရေးသားနိုင်ရန် မိုင်းခတ်ဓာတိ လုပ်ဖော်ကိုင်ဖက် တစ်ဦး၏ အကူအညီကို ရယူခဲ့သည်။

ဆုတောင်းပြည့် နီးဘုရားဆင်းတုတော်၏ ဉာဏ်တော်အမြင့်မှာ ကိုးတောင်၊ တင်ပျဉ်ခွေ နှစ်ဖက်အကွာအဝေးမှာ ခြောက်တောင်ရှိပြီး လက်ဖဝါးတော် နှစ်ဖက်ကိုလှန်၍ ပေါင်ခွင်နှစ်ဖက်တော်တွင်တင်လျက် လက်ဝဲလက်ဖဝါးပေါ်တွင် လက်ယာလက်ဖဝါးတော်ကို ထပ်ပြီး လက်မ နှစ်ခု ထိပ်ချင်းတေ့ဆိုင်ထားကာ မျက်လွှာချထားသော ပုံတော်ဖြစ်သည်။ ရုပ်ပွားဆင်းတုတော်ကို နီးဖြင့်ရက်လုပ်ထားပြီး သစ်စေးသရိုးကိုင်ကာ ရွှေသင်္ကန်း ကပ်လှူထားသဖြင့် ရွှေစင်သတ္တုကို သွန်းလောင်းပူဇော်ထား သကဲ့သို့ ဖူးမြော်ရသည်။ ပလ္လင်တော်ဘက်မှမော့၍ သေသေချာချာ ဖူးမြော်သောအခါတွင်မှ နီးများဖြင့် ရက်လုပ်ထားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည်။ ဆင်းတုတော်မြတ်ကြီးကို ကြာကြာဖူးမြော်လေလေ၊ ကြည်ညိုသဒ္ဓါ ပွားများလေလေ ဖြစ်ခဲ့ရသည်။ ဆင်းတုတော်မြတ်ကြီးကို အားပါးတရ ကြည်ညိုပြီးသည့်နောက် ဆင်းတုတော်၏သမိုင်းကို မေးမြန်း လေ့လာခဲ့သည်။ ဂေါပကအဖွဲ့မှ ဓမ္မဒါနပြုသော ဆင်းတုတော်မြတ်၏ သမိုင်းအကျဉ်းစာအုပ်ကို အခြေခံ၍ ကောက်နုတ်တင်ပြလိုက်ပါသည်။

မြန်မာသက္ကရာဇ်(၇၀၀)ပြည့်နှစ် အချိန်ကာလ၌ မိုင်းခတ်မြို့နယ်သည် ရွာကြီး ၄၂ ရွာ၊ ရွာငယ် သုံးရွာ စုစုပေါင်း ၄၅ရွာဖြင့် တည်ထားသည့် နဝင်းကျေသော ရွာအုပ်စုဟု ခေါ်ဆိုခဲ့ကြသည်။

ယင်းရွာများအနက် ပါကန်ရွာတွင် မိုင်းနုန်းတစ်နယ်လုံး လေးစား ကြည်ညိုသော ဆရာတော်မထေရ် ဥပါလန်(မြန်မာအခေါ် အရှင်မဟာဃုရ နန္ဒထေရ်)သည် တပည့်ရဟန်း၊သံဃာတော် ၁၆၄ပါးတို့အား စာဝါပို့ချ လျက် သီတင်းသုံးနေတော်မူသည်။ ဆရာတော်ကြီးသည် ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒတို့တွင် ထူးချွန်တော်မူသည့် ရဟန်းတစ်ပါးဖြစ်၍ တစ်နယ်လုံးက ယုံကြည်ကိုးကွယ်ကြသည်။ ဆရာတော်ကြီးသည် ဈာန်ရသည်သာမက မာဂဓဘာသာကိုလည်း ကျွမ်းကျင်စွာ တတ်မြောက် တော်မူလေသည်။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာတို့ကြောင့် နတ်သိကြားများပင် လာရောက်ဖူးမြော် ကြည်ညိုကြသည်။ ဆရာတော်ကြီးသည် သက်တော် ၁၅၂နှစ်၊ ဝါတော် ၁၀၅ ဝါရချိန်တွင် ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် သက်တော် ၅၈နှစ်ရှိချိန် တစ်ညတွင် မြန်မာနိုင်ငံ၌ ရွှေ၊ ငွေ၊ ကြေးစသော သတ္တုများဖြင့်သာ ဆင်းတုတော်များ ထုလုပ်သွန်းလောင်း ကိုးကွယ်ကြလျက်ရှိသဖြင့် နီးဖြင့်ရက်လုပ်သော ရုပ်ပွားတော်တစ်ဆူ ရက်လုပ်ကိုးကွယ်ရန် သိကြားမင်းက ဆရာတော်ကြီး အား လျှောက်ထားတောင်းပန်ကြောင်း အိပ်မက် မြင်မက်လေသည်။ ဆရာတော်ကြီးသည် နောက်တစ်နေ့ နံနက်တွင် မြို့စားကြီး ဦးခမ်းရှန်နှင့် သမာဓိလူကြီးနှစ်ဦးဖြစ်သည့် ဦးရှန်းနန်းနှင့်ဦးရှန်နန်တို့အား အိပ်မက် အကြောင်းပြော၍ နီးဖြင့်ရုပ်ပွားတော်တစ်ဆူ ပြုလုပ်တည်ထားကိုးကွယ်ရန် တိုင်ပင် အမိန့်ရှိလေသည်။

မြန်မာသက္ကရာဇ် ၇၀၀ ပြည့်နှစ် နတ်တော်လဆန်း ၈ရက်နေ့တွင် အပြစ်အနာအဆာကင်းပြီး အရှည်သုံးလံခွဲခန့်ရှိ ဝါးများသာ ရွေး၍ ခုတ်စေသည်။ ဝါးခုတ်စုဆောင်းသူများမှာ အပျို၊လူပျိုများ ဖြစ်စေသည့် အပြင် ၎င်းတို့၏ အမည်ရှေ့တွင် ရွှေ(ခမ်း)၊ ငွေ(ငင်း)၊ ကျောက်(ကျောက် မျက်ရတနာ)(ရှန်)ပါရှိသူများကိုသာ ရွေးချယ်စေသည်။ ဝါးခုတ်သွားမည့် အပျို၊လူပျို ၅၇ဦးတို့သည် ဝါးခုတ်မထွက်မီ ဆရာတော်ထံတွင် ငါးပါးသီလခံယူစေပြီး လိုအပ်သည့် ဝါးအရေအတွက်ကို တစ်နေ့တည်းနှင့် အပြီးခုတ်စေသည်။ နီးဖြာကြမည့်သူများသည်လည်း ဆရာတော်ထံတွင် ဦးစွာ ငါးပါးသီလခံယူပြီးမှ နီးများ စတင်ဖြာကြရသည်။

ထို့နောက် ဖြာထားပြီး နီးများ ကြာရှည်ခံရန်၊ ပိုးမထိုးရန်အတွက် ရေစိမ်ထားနိုင်ရန် ရေကန်တူးပြီး ထည့်ကြသည်။ ရေကန်ထဲသို့ နမ့်နုန်းချောင်းမှ ရေများခပ်ထည့်ရန် စီစဉ်နေကြစဉ် နတ်တော်လကွယ် နေ့မှစ၍ မိုးများ ခုနစ်ရက်၊ ခုနစ်လီ သည်းထန်စွာ ရွာသွန်းခဲ့သည်။ ဤမျှ မိုးသည်းထန်သော်လည်း နီးများ ရေ၌မျောပါသွားခြင်း မရှိသည့်အပြင် ရေကန်၌ ရေများပြည့်နေကာ ငါး၊ ပုစွန်၊ လိပ် စသော ရေသတ္တဝါများ မြူးထူးပျော်ပါးနေသည်ကို ထူးဆန်းစွာ တွေ့ရှိကြရသည်။

မြန်မာသက္ကရာဇ် ၇၀၀ ပြည့်နှစ် ပြာသိုလဆန်း ၈ရက်နေ့၌ နီးဘုရားကိုယ်တော်မြတ်ကြီးကို စတင်ရက်လုပ်ကြချိန်တွင် ရေကန်တွင်းမှ ငါး၊ ပုစွန်၊ လိပ်စသော သတ္တဝါများသည် အလိုလျောက် ပျောက်ကွယ်နေ ကြပေသည်။ ဆရာတော်ကြီးက မိန့်တော်မူသည်မှာ နတ်သိကြားများက ရေသတ္တဝါများအဖြစ် လာရောက်ပူဇော်ကြခြင်းဖြစ်ကြောင်း မှတ်သားရ ပေသည်။

ပြာသိုလဆန်း ၁၁ ရက်နေ့တွင် နီးဘုရားရက်လုပ်သည့်နေရာသို့ အဘိုးအိုတစ်ဦးသည် ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး လက်တွင်တောင်ဝှေး၊ ပုခုံးပေါ်တွင် တောင်းနှစ်လုံး ထမ်းပိုးဖြင့်ထမ်းလျက် ရောက်ရှိလာသည်။ ထိုအဘိုးအိုသည် နီးဘုရားရက်လုပ်ရာတွင် ပါဝင်၍ လုပ်အားဒါန ပြုလို ကြောင်း ပြောဆိုပြီး နေ့စဉ်ရက်မပျက် လာရောက်ကူညီ ဆောင်ရွက်လေ

မြတ်မင်းလှိုင်

သည်။ ထိုအဘိုးအိုသည် အလုပ်နားပေး ထမင်းစားချိန်နှင့် တစ်နေ့တာ လုပ်ငန်း ရပ်နားပြီးဆုံးချိန်တွင် ပျောက်ကွယ်သွားလေ့ရှိသည်ကို ရွာသား များက သတိပြုမိကြ၍ မေးမြန်းရန် ရည်ရွယ်သော်လည်း နေ့စဉ် မေ့လျော့ကာနေကြသည်။

မျက်နှာတော်သာ ရက်လုပ်ရန်ကျန်တော့သည့်နေ့တွင် မြို့စားကြီး ဦးခမ်းရှန်နှင့် ကိုယ်ရံတော်များသည် မဏ္ဍပ်သို့ စောစွာရောက်ရှိလာကြ သည်။ ယမန်နေ့က ရက်လုပ်ရန် ကျန်နေသည့် နီးဘုရားကိုယ်တော် မြတ်ကြီးမှာ ကြည်ညိုဖွယ်ရာ အချိုးအဆစ် ပြေပြစ်တင့်တယ်စွာ စံပယ် တော်မူလျက်ရှိသည်ကို ဖူးမြင်လိုက်ရသဖြင့် အတိုင်းမသိ ကြည်နူးဝမ်းမြောက် ပီတိ ဖြစ်ကြသည်။ အဘိုးအိုအား သတိရ၍ ရွာပေါင်း ၄၂ ရွာအနှံ့သို့ လူခွဲ ရှာဖွေစေခဲ့သော်လည်း မတွေ့ရတော့ပေ။

နီးဘုရား ကိုယ်တော်မြတ်ကြီး သီတင်းသုံး စံပယ်ရန်အတွက် ကျောင်းတော်ကို သက္ကရာဇ် ၇၀၂ ခုနှစ်၌ ဆောက်လုပ်ပြီးစီးကာ ကဆုန်လပြည့်နေ့ နံနက် အရုဏ်တက်ချိန်တွင် နီးဘုရားရှင်ကိုယ်တော် မြတ်ကြီး အနေကဇာတင်ပွဲ၊ သိမ်ကျောင်းတော်နှင့် ဆရာတော်ကြီးအတွက် ဆောက်လုပ်လှူဒါန်းသည့် ကျောင်းသစ်ရေစက်ချပွဲများကို တစ်ပြိုင်နက် ကျင်းပခဲ့ကြသည်။ ထိုအချိန်မှစ၍ **နီးဘုရားပွဲတော်ကြီးကို ကဆုန်လဆန်း ၈ ရက်နေ့မှ လပြည့်နေ့အထိ စဉ်လာမပျက် ကျင်းပခဲ့သည်။**

ဆရာတော်ကြီးက နီးဘုရားကိုယ်တော်မြတ်ကြီးအား ဂုဏ်ရှမ်း ဘာသာဖြင့် **“ဖကျောက်အင်းဆန်း”** ရှမ်းဘာသာဖြင့် **“ဖလားအင်းဆန်း”** ဟု ဘွဲ့အမည် ဆက်ကပ်တော်မူလေသည်။ **ဖကျောက်** သည် ဗုဒ္ဓဘုရား **အင်း** သည် သိကြားမင်း၊ **ဆန်း** သည် ရက်လုပ်ခြင်းဟု အဓိပ္ပာယ်ရ ပေသည်။

နီးဘုရားကိုယ်တော်မြတ်ကြီးကို ရက်လုပ်ပူဇော်ပြီး နှစ် ၂၀၀ ခန့် အကြာတွင် မိုင်းနုန်းဒေသသည် စစ်ဘေး၊ စစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရသဖြင့် နီးဘုရားကိုယ်တော်မြတ်ကြီးမှာ ကိုးကွယ်သူမရှိ ကင်းမဲ့၍ တောတောင်ထဲ တွင် ဆင်းရဲစွာ သီတင်းသုံး နေတော်မူရလေသည်။ သက္ကရာဇ် ၁၁၀၀ ခန့်တွင် ထိုင်းနိုင်ငံ ဇင်းမယ်(ကျိန်းမိုင်) ဘုန်းတော်ကြီးကျောင်းမှ ဘုန်းကြီး နှစ်ပါးတို့သည် ကျောင်းဝင်းအတွင်းရှိ ပေပင်တစ်ပင်၏ အရွက်များတွင် နီးဘုရားကိုယ်တော်မြတ်ကြီးနှင့် သက်ဆိုင်သော သမိုင်းကြောင်းစာများ အလိုအလျောက်ပေါ်နေသည်ကို တွေ့ရှိကြသဖြင့် နီးဘုရားကြီးကို ရှာဖွေ လိုစိတ် ပြင်းပြကာ တာချီလိတ်မှတစ်ဆင့် ကျိုင်းတုံမြို့သို့ ကြွရောက် လာကြသည်။ ကျိုင်းတုံစော်ဘွားကြီး၏ အကူအညီဖြင့် မိုင်းနုန်းကျေးရွာ တွင် ရှာဖွေကြရာ ချုံနွယ်ပိတ်ပေါင်းများအတွင်း ဆင်းရဲစွာ သီတင်းသုံး နေတော်မူသည့် ကိုယ်တော်မြတ်ကြီးကို ပြန်လည်ဖူးတွေ့ကြရပေသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မိုင်းနုန်းကျေးရွာတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ဆုတောင်းပြည့် နီးဘုရားကို ဖူးမြော်ရစဉ်။

နီးဘုရားကိုယ်တော်မြတ်ကြီးကို ပြန်လည်ရှာဖွေတွေ့ရှိ ကိုးကွယ် သည့် အချိန်မှစပြီး ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်၊ ဇင်းမယ် စသော ဒေသအသီးသီးသို့ တိမ်းရှောင်နေကြသည့် မိုင်းနုန်းရွာသူရွာသား အဆက်အနွယ်များ ပြန်လည်ရောက်ရှိလာကြကာ အေးချမ်းသာယာစွာ နေထိုင် ကိုးကွယ်ကြလျက်ရှိသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

နီးဘုရားကိုယ်တော်မြတ်ကြီးနှင့်ပတ်သက်၍ ယနေ့တိုင် မှတ်တမ်း တင်ထားရှိသည့် ထူးခြားချက် ငါးရပ်ကိုလည်း မှတ်သားရသည်-

(က) ဂျပန်ခေတ်တွင် ကျိုင်းတုံစော်ဘွားကြီး၏ အမှုထမ်းတစ်ဦး သည် ဘုရားဝတ်တက်ပြီး ဆီမီးပူဇော်ခဲ့သည်။ ဆီမီးမှ မီးများတောက်လောင်ရာ မည်သူမျှမသိကြချိန်တွင် ပြင်းစွာသော မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံတို့ ဖြစ်ပေါ်နေသည်။ ရွာသူရွာသားများ က ထွက်ကြည့်ရာ ဘုရားကြီး၏ ကျောင်းတော်တစ်ဝိုက်၌ မိုသည်းထန်စွာရွာ၍ လေပြင်းတိုက်ခတ်နေသည်ကို တွေ့မြင် ကြရသဖြင့် ဘုရားကြီးသို့ စုရုံးရောက်သွားကြသည်။ ထိုအခါမှ မီးလောင်နေသည်ကို တွေ့၍ ဝိုင်းဝန်းငြိမ်းသတ်ကြရာ မီးငြိမ်း သည်နှင့် မိုးရောလေပါ ကင်းရှင်းသွားခြင်း။

(ခ) ကာကွယ်ရေးအဖွဲ့မှ ကင်မရာ ငါးလုံး၊ ခြောက်လုံးဖြင့် ဘုရားကြီးကို ဓာတ်ပုံရိုက်ကြရာ တစ်ပုံမျှ မထင်ဘဲ ဖြစ်နေ သည်ကို အံ့သြစွာတွေ့ရသော်လည်း ဘုရားကျောင်းဆောင် နှင့် ဆရာတော်တို့အတွက် အလှူငွေရှာရန် ခွင့်တောင်း၍ ဓာတ်ပုံရိုက်သောအခါမှ ပုံများထင်ရှားစွာ ဖူးတွေ့ရခြင်း။

(ဂ) မိသားစုတစ်စုသည် ဒါတဗ္ဗဝတ္ထု အစုစုတို့ကို လှူဒါန်းပြီး ဘုရားကြီး၌ရှိသော ရေစက်ခွက်ဖြင့် ရေစက်ချရာတွင် ရေများအောက်သို့ မကျဘဲဖြစ်နေခြင်း၊ ထိုသို့ဖြစ်ရသည်မှာ လှူဒါန်းသော ဝတ္ထုတို့သည် မစင်ကြယ်သည့်အပြင် မအပ်ရာသော ဝတ္ထုများ ဖြစ်နေခြင်းကြောင့်ဟု ဆိုခြင်း။

(ဃ) မိုင်းခတ်မြို့နယ်မှ ဝန်ထမ်းတစ်ဦး၏ ဇနီးသည် ဘုရားကြီးအား လာရောက် ဖူးမြော်ရာတွင် မည်သည့်အကြောင်းကြောင့်ဟု မသိကြသော်လည်း ပုံတော်ကို မမြင်ရဘဲ ရှိနေခဲ့ကြောင်း ဆိုခြင်း။

(င) ဘုရားကြီး၏ ပလ္လင်တော်အား ပြန်လည်ပြုပြင်တည်ဆောက်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြသော်လည်း မူလစတင်တည်ဆောက် စဉ်က ပုံထက် ပိုမိုပြုပြင်၍ မရသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ခြင်း။

ဤသို့လျှင် ထူးခြားအံ့ဖွယ်များဖြင့် စံပယ်တော်မူလျက်ရှိသော နီးဘုရားကိုယ်တော်မြတ်ကြီး၏ ပွဲတော်ရက်များတွင် အနီးဝန်းကျင် ကျေးရွာများသာမက ကျိုင်းတုံ၊ တာချီလိတ်တို့မှပင် လာရောက်ဖူးမြော် ကြသည့် ဘုရားဖူးများဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိပြီး အခြား ရက်များတွင်လည်း အစုအဝေးလိုက်ဖြင့်၊ ညအိပ် လာရောက်ဖူးမြော်ကြ သူများဖြင့် စည်ကားလျက်ရှိသည်။

သို့ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်သို့ အလည် တစ်ခေါက် လာရောက်ဖြစ်ခဲ့လျှင် အံ့ဖွယ်ဆုတောင်းပြည့် နီးဘုရား ကြီးကို ဖူးမြော်နိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နီးဘုရားပွဲတော်ကြီးကို ကဆုန် လဆန်း ၈ ရက် နေ့မှ လပြည့်နေ့အထိ စဉ်လာမပျက် ကျင်းပ။

လင်းခေးမြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူ စာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်

လင်းခေး မေ ၁၄

လင်းခေးခရိုင် လင်းခေးမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူး၍ ၁၃၆၈ခုနှစ် ကဆုန်လပြည့်နေ့က (၂၅)ကြိမ်မြောက် မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်း လောင်းလှူပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲတော်၊ ငွေရတုကျောင်းဆောင်သစ် စာကြည့်တိုက် ရေစက်ချ အခမ်းအနားနှင့် (၂၅)ကြိမ်မြောက် ငွေရတုသဘင်စာမေးပွဲ၊ စာပြန်ပွဲတော် စာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၇နာရီက လင်းခေးမြို့ပရိယတ္တိစာသင်တိုက် မြို့လယ်ဘုရား၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ မြတ်စွာဘုရားအမှူးပြု၍ ရဟန်း၊သံဃာတော် စုစုပေါင်း ၅၄၆ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပပြီး **(အပေါ်ယာပုံ)** နံနက် ၉ နာရီခွဲတွင် ပရိယတ္တိစာသင်တိုက်ကျောင်းဝန်းမှာရုံ၌ ငွေရတုကျောင်းဆောင်သစ် စာကြည့်တိုက် ရေစက်ချ အခမ်းအနားနှင့် (၂၅)ကြိမ်မြောက် ငွေရတုသဘင်စာမေးပွဲ၊ စာပြန်ပွဲတော် စာအောင် သံဃာတော်များ ဂုဏ်ပြုပူဇော်ခြင်းနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပသည်။

ရှင်းလင်း

ဆက်လက်ပြီး မြို့နယ် ဂေါပကအဖွဲ့က စာအောင် သံဃာတော်များစာရင်း ဖတ်ကြားပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက် ပြည်သူများနှင့် အလှူရှင်အပေါင်းတို့က နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ လှူဒါန်းမှု အစုစုတို့ကို ရန်ကုန်-ပြည်လမ်း ကိုးမိုင်မှဆရာတော် ဘဒ္ဒန္တနိုကြောဓ ဦးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဟောကြားတော်မူပြီး ရေစက်ချ အမျှပေးဝေကြသည်။

ကုသိုလ်ယူ

ဆက်လက်၍ ယင်းနေ့ ညနေ ၄ နာရီတွင် လင်းခေးမြို့ ကမ္မဋ္ဌာန်းကျောင်းသွား လမ်းဘေးရှိ မဟာဗောဓိညောင်ပင်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်းခြင်းနှင့် စေတီဘုရားများအား ရေသပ္ပာယ်၍ ကောင်းမှုကုသိုလ်ပြုမှုများဖြင့် ဒေသခံပြည်သူများကုသိုလ်ယူကြသည်။

(ခရိုင် ပြန်/ဆက်)

သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးကျင်းပသော ရိုးရာအစဉ်အလာမပျက် ညောင်ရေသွန်းပွဲကို ကဆုန်လပြည့်နေ့က မဟာမြတ်မုနိဘုရားကြီးရှိ ဗောဓိညောင်ပင်ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ် အမျိုးသမီးရေးရာအသင်း ဥက္ကဋ္ဌ ဒေါ်ကျင်မြ ဦးဆောင်သော အဖွဲ့ဝင်များ ညောင်ရေသွန်းလောင်းကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဖြူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြသ

ဖြူး မေ ၁၅

ပဲခူးတိုင်း ဖြူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အမျိုးသမီးများ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ အခမ်းအနားကို မေ ၅ ရက် ညနေ ၆ နာရီက ဖြူးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တောင်ငူခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေအေးနှင့် အဖွဲ့ဝင်များ၊ ဖြူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ် (၁၁)ရပ်ကွက်မှ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ခေတ်အဆက်ဆက် အမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို မြို့ပေါ်၁၁ရပ်ကွက်မှ အမျိုးသမီးငယ် ၂၂ဦးတို့က ခေတ်အလိုက် ဝတ်စားဆင်ယင် ပြသကြပြီး**(အောက်ပုံ)** တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေအေးက ပန်းခြင်းနှင့် လက်ဆောင်ပစ္စည်းများကို အမျိုးသမီးငယ် ၂၂ဦးတို့အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၂၈၄)**

မိုင်းယောင်းမြို့၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

မိုင်းယောင်း မေ ၉

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများကျေးရွာချင်းဆက်လမ်း ကောင်းမွန်ရေးအတွက် ဟိုရမ်းကျေးရွာ ကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဧပြီ ၂၈ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်း စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိဦးတင်မောင်သိန်းက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဟိုပင်၌ ဂြိုဟ်ပြေနံ့ပြေစေတီတော် ထီးတော်သစ်တင်

ဟိုပင် မေ ၁၀

ကချင်ပြည်နယ် ဟိုပင်မြို့ တောင်ပေါ်ကျောင်းဝင်းအတွင်း တည်ထားသော ဂြိုဟ်ပြေနံ့ပြေစေတီတော် ဘုရားအနေကဇာတင်နှင့် ရွှေထီးတော်သစ်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၉နာရီက စေတီတော် ရင်ပြင်၌ ကျင်းပသည်။

လှူဒါန်း

အဆိုပါ စေတီတော်ကို အလှူရှင် မန္တလေးမြို့ ရွှေပေါ်ဦးကျောက်မျက်ကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးတင်လှ-ဒေါ်ခင်ကြိုင်မိသားစုတို့က မတည်အလှူငွေကျပ်သိန်း ၅၀နှင့် အလှူရှင်များ၏ လှူဒါန်းငွေဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်သည်။

ကြည်ညို

အခမ်းအနားသို့ ပင့်သံဃာတော်များ၊ အလှူရှင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြည်ညိုကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧပြီ ၂၁ရက်က ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဦးစီး ဖွင့်လှစ်သည့် အာဟာရ တိုင်းရင်းဆေးပညာ နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတောင်းမြို့ အမှတ်(၂)မြို့ပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

ကျိုင်းတောင်း ဧပြီ ၂၀

ကျိုင်းတောင်းမြို့တွင် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက် ပြီးစီးခဲ့သည့် အမှတ်(၂) မြို့ပတ်လမ်း ကျောက်ချောလမ်း အကျယ် ၁၂ပေ၊ အရှည်ပေ ၁၃၃၀ရှိ လမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်ကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်မင်း၊ မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းကျော်နှင့် မြို့တာဝန်ခံ ဦးကျော်ဖေတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

(နယ်စပ်/စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ထန်းတပင်မြို့၌ စာကြည့်တိုက်များရေရှည်တည်တံ့ရေးဆောင်ရွက်

ထန်းတပင် မေ ၅

ရန်ကုန် မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အစုကြီးကျေးရွာအုပ်စု ကျိုက္ခနာကျေးရွာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမြသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ကွင်းဆင်းဆောင်ရွက်သည့် အခမ်းအနားကို ဧပြီ ၇ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။ (အောက်ပုံ)

ရေရှည်တည်တံ့ရေး

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြသင်းနှင့် မြို့နယ် ဦးစီးမှူးဒေါ်ခင်ငြိမ်းငြိမ်းတို့က ကျိုက္ခနာ၊ ရှမ်းစု၊ သီတာအေး၊ တံတားဦး၊ အစုကြီး၊ တက်သစ်နှင့် တူးချောင်းကျေးရွာမှ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံပြီး ကျေးရွာရှိ စာကြည့်တိုက်များတွင် စာအုပ်တိုးပွားရေး၊ စာကြည့်တိုက်မှူးကောင်းများ ရရှိရေး၊ စာဖတ်သူတိုးပွားရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့အတွက် ဆောင်ရွက်ရန် ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ရတနာပုံ အောက်လမ်းအမှတ် (၃၉) နေ ဦးစံမြ-ဒေါ်တင်အုန်း သားသမီး၊ မြေးမြစ်တစ်စုက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဂုဏ်ပြုလွှာချီးမြှင့်

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး) အတွက် မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး အမှတ်(၂၇၄)မြေညီထပ်မှ ကျောင်းအလှူရှင် ဒေါ်အေးအေးမြင့် (မြင့်မာလာ ပါတိတ်ဆိုင်)က အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကြူကြူနိုင်က လက်ခံယူပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဉက္ကဋ္ဌဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။

(က-ပ)

ဈေးပြိုင်ချိပ်ပိတ်(တင်ဒါ) ခေါ်ယူခြင်း

၁။ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(က) ရုံးသုံးစက်ပစ္စည်း(၄)မျိုး (ကွန်ပျူတာဆက်စပ်ပစ္စည်း)၊

(ခ) စက္ကူစာရေးကိရိယာပစ္စည်း (၂၀) မျိုး

(ဂ) ရုံးလုပ်ငန်းသုံးပစ္စည်း (၄၀) မျိုး

(ဃ) လျှပ်စစ်ပစ္စည်း (၁၁) မျိုး

၂။ တင်ဒါပိတ်ရက်မှာ (၂၅-၅-၂၀၀၇)ရက်ဖြစ်ပါ၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို (၂၁-၅-၂၀၀၇)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ရန်ကုန်ပညာရေးတက္ကသိုလ်
ဖုန်း-၅၂၇၀၇၅၊ ၅၂၇၀၇၆၊ ၅၂၇၀၇၇။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံအတွက် အောက်ပါပစ္စည်းများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(1)	Force Draft(FD) Fan(No.2 Boiler)& Motor	(1) No
(2)	Winch & Motor (For Jetty Crane)	(1) Set
(3)	Stock Pump with Motor (For Paper Mill)	(2) Sets

၂။ တင်ဒါပိတ်မည့်ရက်/အချိန် - (၈-၆-၂၀၀၇)ရက် မွန်းလွဲ ၂း၀၀နာ

၃။ သိရှိလိုသည့် အချက်များရှိပါက မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း စီမံကိန်းဌာန အမှတ် (၁၆-ဘီ)သုခဝတီလမ်း ရန်ကင်းမြို့နယ်။ ဖုန်းနံပါတ်-၅၅၈၂၃၆သို့ ဆက်သွယ်နိုင်ပါသည်။ **မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။**

Wisdom Village Education Centre

ဆရာကောင်း B.A (Hons:) M.A (English)

SAT | IELTS | Academic - Writing - Speaking
GCE | 4 Skills - Basic -Intermediate
TOEFL

အမှတ် (၂၆၃)၊ ဗားဂရာလမ်း နှင့် ဗိုလ်မိုးလမ်းထောင့် ဂမုန်းပွင့်ကုန်တိုက်အနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

Contact : 09-5115486, 01-516680

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၃၇၈၁ တိုယိုတာကိုရိုနာ စတေရှင်ဝက်ဂွန်း CT 176 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန်းမြင့် မှတ်ပုံတင်အမှတ်၁၂/လမန(နိုင်)၀၃၀၇၅၈က ၁၄၊ နီလာလမ်း ၁၃ရပ်ကွက် လှိုင်မြို့နယ်မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (အနောက်ပိုင်းခရိုင်ရုံး)၊ သဃ်န်းကျွန်းမြို့နယ်။**

အမည်ပြောင်း

အဖဦးအုံးလှိုင်၏ သမီး အထက-လှာကာ တက္ကသိုလ်ဝင်တန်းမှ မလှိုင်းနဒီပြည့် ၃/ဘအန(နိုင်) ၂၇၁၇၉၀အား မဝင့်ပြည့်ပြည့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဝင့်ပြည့်ပြည့်အောင်။**

မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့ အထက (၅) သတ္တမတန်း(C)မှ မဝင်းအိအိဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၇-၁၉၉၅ ဖြစ်ပါကြောင်း။ **မဝင်းအိအိဖြူ။**

အမည်ဖြည့်စွက်ခြင်း

အဖဦးရွှေရိုး ၁၀/မဒန (နိုင်) ၀၄၄၁၁၁၏ သမီးဖြစ်သူ မော်လမြိုင် အဝေးသင် ပထမနှစ်မှ မဥမ္မာအောင်အား မဥမ္မာအောင်(ခ) မိဥမ္မာအောင်ဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်ပြောင်း

အဖဦးစန်းလွင်၏သား မှတ်ပုံတင်အမှတ်၁၀/သထန(နိုင်) ၁၀၅၅၀၄ ကိုင်ဆောင်သူ မောင်ချစ်ကိုကိုလွင်အား မောင်ကောင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းထက်။**

အများသိစေရန်

ကျွန်တော်နှင့်ဒေါ်ဆန်းသိမ့်သိမ့်တို့မှာ (၁၉၉၃)ခုနှစ်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပါသည်။

ကျွန်တော် နိုင်ငံခြားသင်္ဘောလိုက်ပြီး ပြန်ရောက်သည့်အခါ ကျွန်တော်၏ဇနီး ဒေါ်ဆန်းသိမ့်သိမ့်မှ လင်မယားကွာရှင်းပေးရန် အတင်းအကျပ် တောင်းဆိုလာသဖြင့် (၁၅-၅-၂၀၀၇)ရက်တွင် တရားရုံးတော်၌ တရားဝင်ဇနီးမောင်နှံအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

ထို့ကြောင့် ကျွန်တော်နှင့်မဆန်းသိမ့်သိမ့်တို့မှာ မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူနိုင်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးကြည်ဖြူကျော်(ခ)ဂျိုးဇက်**
၇/တငန(နိုင်) ၁၀၄၄၉၂။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ် အစီအစဉ်ဖြင့် အင်္ဂလိပ်စာဌာနမှကြီးမှူးပြီး အောက်ပါ M.A (TEFL) (Teaching of English as a Foreign Language)(အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ်သင်ကြားခြင်း) သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမည်	-	M.A (TEFL) Teaching of English as a Foreign Language အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း။
လက်ခံမည့်ဦးရေ	-	(၂၀) ဦး
အနိမ့်ဆုံးပညာအရည်အချင်း	-	အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ ပထမဘွဲ့ကို အင်္ဂလိပ်စာအဓိကဖြင့် ရရှိခဲ့ပြီး မဟာတန်းတက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။
သင်တန်းဝင်ခွင့်	-	ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည်။
သင်ကြားပို့ချမည့်အချိန်	-	တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် (၁၃း၀၀)နာရီမှ (၁၇း၀၀)နာရီအထိ။
သင်တန်းကာလ	-	(၂)နှစ်
သင်တန်းကြေး	-	တစ်လ ကျပ်(၅၀၀၀)
ပေးအပ်မည့်ဘွဲ့	-	M.A (TEFL) Teaching of English as a Foreign Language
လျှောက်လွှာစတင်လက်ခံမည့်ရက်	-	၂၃-၅-၂၀၀၇ ရက်မှ ၃၀-၅-၂၀၀၇ ရက်အထိ
ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်	-	၂-၆-၂၀၀၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ
လျှောက်လွှာလက်ခံမည့်နေရာ	-	ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန။
စုံစမ်းရန်	-	ရန်ကုန်ပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာန

ဖုန်း-၅၃၄၂၇၃၊ ၅၂၇၅၂၇။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ် အစီအစဉ်ဖြင့် အင်္ဂလိပ်စာ ဌာနမှ ကြီးမှူးပြီး အောက်ပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမည်	-	Dip.(ELTM)Diploma in English Language Teaching Methodology. အင်္ဂလိပ်စာသင်ကြားရေး နည်းပညာဒီပလိုမာသင်တန်း။
လက်ခံမည့်ဦးရေ	-	(၃၀) ဦး
အနိမ့်ဆုံးပညာအရည်အချင်း	-	အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ(မည်သည့်ဘွဲ့မဆို)
သင်ကြားမည့်နေရာ	-	ရန်ကုန်ပညာရေးတက္ကသိုလ်
သင်ကြားပို့ချမည့်အချိန်	-	တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက်(၇း၀၀)နာရီမှ (၉း၀၀)နာရီအထိ။
သင်တန်းကာလ	-	(၁၀)လ
သင်တန်းကြေး	-	တစ်လ ကျပ်(၃၀၀၀)
ပေးအပ်မည့်လက်မှတ်	-	Dip.(ELTM)Diploma in English Language Teaching Methodology.
လျှောက်လွှာစတင်လက်ခံမည့်ရက်	-	၂၃-၅-၂၀၀၇ ရက်မှ ၃၀-၅-၂၀၀၇ ရက်အထိ
ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်	-	၂-၆-၂၀၀၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
စာမေးပွဲကျင်းပမည့်နေရာ	-	ရန်ကုန်ပညာရေးတက္ကသိုလ်
လျှောက်လွှာလက်ခံမည့်နေရာ	-	ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန
စုံစမ်းရန်	-	ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန

ဖုန်း-၅၃၄၂၇၃၊ ၅၂၇၅၂၇။

Shine Hope ကုမ္ပဏီမှ ဝန်ထမ်းအလိုရှိသည်။

၁။ Programmer

၂။ English,Chinese, Japanese Teachers

၃။ Computer ပြုပြင်သူ

၄။ ပုံကြမ်း (Sketch) ဆွဲတတ်သူ

၅။ Animator (ပန်းချီ၊ ကာတွန်း)ဆွဲတတ်သူ

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

၂၀၂/၂၀၃၊ ယုဇနစီးပွားရေးအဆောက်အအုံ၊ မမ္မစေတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

THREE FRIENDS CONSTRUCTION CO., LTD.

[illegible] (၃၁.၅.၂၀၀၇) [illegible]

✧မျက်နှာကြက်အလှဆင်ခြင်း၊ 10 % Discount
✧ဆေးသုတ်ခြင်း၊ပေါလစ်တင်ခြင်း၊ 10 % Discount
✧သံပန်းလုပ်ငန်းများ(သံပန်း၊သံတံခါး၊ဆန်းရှိတ်) 10 % Discount
✧နံရံကပ် Wall Paper 10 % Discount

◈အိမ်အတွင်းအပြင်အလှဆင်ခြင်းလုပ်ငန်းများ

◆အခန်းဖွဲ့ခြင်း(ဂျပ်ဆင်ဘုတ်၊အုတ်၊ဂျပန်T&G Thaiply) ◆လျှာထိုးခင်းခြင်း၊ ◆ပါကေးခင်းခြင်း၊ ◆ကြွေပြားကပ်ခြင်း၊ ◆ရေသွယ်တန်းခြင်း၊ ◆မှန်၊Composite၊အလူမီနီယံများဖြင့် အလှဆင်ခြင်း ◆Modern Furnitureများပြုလုပ်အလှဆင်ပေးခြင်း(MDF, Ply,Chip,Teak) ◆စတီးလ်လုပ်ငန်းများ(စတီးလ်ဖြင့် လက်ရမ်း၊ပရိဘောဂများပြုလုပ်ခြင်း) ◆လျှပ်စစ်လုပ်ငန်းများ၊ ◆Rollershutter (လိပ်တံခါး) ◆Architectural Design ရေးဆွဲပေးခြင်း၊....

◈အိမ်အလှဆင်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း

◆ပလတ်စတာကောနစ်၊ပလတ်စတာဘုတ်၊ဂျပ်ဆင်ဘုတ်၊ ◆ပလတ်စတာချည်မျှင်၊ ◆ပလတ်စတာအမှုန့်၊ ◆နံရံကပ် Wall Covering ◆အသင့်ခင်းလျှာထိုးပြား၊ ◆C-channel ◆Black Screw၊ ◆L-Bar၊ ◆တံခါး၊ ◆Door Lock၊ ◆ပါကေးတုံး၊ ....

◈အထပ်မြင့်နှင့် လုံးချင်းအိမ်များဆောက်လုပ်ခြင်း(PAE)

◆30' x 40' နှစ်ထပ် RC အဆောက်အအုံအတွက် (ပစ္စည်း+လက်ခ+ကြီးကြပ်ခ) ခန့်မှန်းကုန်ကျစရိတ်မှာကျပ်သိန်း(၃၀၀)ကျော်ခန့်သာကုန်ကျပါမည်။

44A(1)၊ ကျိုက်တော်အိမ်ရာ၊ ရန်ကုန်(ကုန်သွယ်မှုဗဟိုဌာန)အနောက်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

☎ 01-201478, 299947, 294864, 298341
09-50-11443, 09-50-10289, 09-51-54853, 09-51-55037

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် နောင်အင်အနောက်တောင် အကွက်ကြီး(၄) အကွက်အမှတ် ၃၆၉/၃၉၉ ဦးနေအောင်(ခ)ဦးတင်ထွဋ်အောင် ပိုင်ဆိုင်သည့် မြေဂရန်အမှုတွဲအမှတ် (၃၅)သည် ပျောက်ဆုံးသွားပါ၍ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။

အထူးကိုယ်စားလှယ်
ဒေါ်နန်းဥမ္မာမြင့်
၁၃/တကန(နိုင်)၀၂၄၆၆၉
၁၆/၃၃၆ အေးသာယာမြို့သစ်။

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၃၆ အီပ်ချ်)၊ မြေကွက်အမှတ် (၆၅-ဘီ)၊ မြေဧရိယာ ၀ဒသမ ၃၄၆ဧကေ +လမ်းဧရိယာ ၀ ဒသမ၀၆၁ဧကေ စုစုပေါင်းဧရိယာ ၀ဒသမ၄၀၇ ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းဟောင်း အမှတ် (၅၅-ဒီ)ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ဒေါ်လှကြည်၏ အထူးကိုယ်စားလှယ် လွှဲစာရရှိသူ ဦးအောင်ဇော်-ဒေါ်မြစန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိကြောင်းကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားနှင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်အေး B.A (Law), LL .B
တရားရုံးချုပ်ရှေ့နေ
၄၀၆၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၅၆၆၈၆၄၊ ၅၇၇၂၀၁။

အမည်ပြောင်း

မကွေးတိုင်း ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက် အထက သတ္တမတန်း (က)မှ အဖဦးစိန်ငွေ၏သား မောင်အုပ်စိုးခိုင်အား ယနေ့မှစ၍ မောင်အောင်မြင့်မြတ် ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မြင့်မြတ်။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၂၄၀၁၂ Honda C90 Kယာဉ်လက်ဝယ်ရှိသူ ဦးသန်းဆွေ ၈/မကန(နိုင်)၁၅၆၈၂၅က(ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး)သို့လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး(မကွေး)။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၈၀၃၃ ယာဉ်အမျိုးအစား ဟွန်ဒါဒရင်း၊ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ပို ၁/မညန(နိုင်)၀၂၅၆၄၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(တောင်ကြီး)။**

အမည်ဖြည့်စွက်ခြင်း

အဖဦးကျော်မြင့် ၁၀/မဒန (နိုင်) ၀၅၅၇၃၂၏ သမီးဖြစ်သူ မော်လမြိုင် အဝေးသင် ပထမနှစ်မှ မကေသီမွန်အား မကေသီမွန်(ခ)မိကေသီမွန်ဟု ဖြည့်စွက်ခေါ်ပါရန်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်

ရန်ကုန် မေ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက် ၇ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနယ်မြေ ယုဇနလမ်းနှင့် နွယ်သာကီလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အဆောက်အအုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

နိုင်ငံတော်က တည်ဆောက်ခဲ့သည့် ၁၉၉ ခုမြောက် ဘိုင်းဒါးရေလွှဲဆည်ဖွင့်လှစ် မိုးစပါး၊ နွေစပါး သတ်မှတ်ကေပြည့်မီစွာစိုက်ပျိုးရေး များစွာအထောက်အကူပြု

လာမည့်နွေရာသီ၌ လယ်မြေဧက ၁၀၀၀၀ ထပ်မံတိုးချဲ့ ရေပေးဝေနိုင်မည်

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ဘိုင်းဒါးရေလွှဲဆည်၏ ရေပေးမြောင်းကို ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

နေပြည်တော် မေ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က ပဲခူးတိုင်း ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ဘိုင်းဒါးရေလွှဲဆည် ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါရေလွှဲဆည်အနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ပြည်သူများ တက်ရောက်ကြသည်။

တည်ဆောက်ပေးခဲ့

ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ရေလွှဲဆည်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက် တည်ဆောက်ပြီးစီးခဲ့သော ၁၉၉ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ပဲခူးတိုင်းအနေဖြင့် ၄၃ ခုမြောက် စီမံကိန်းဖြစ်ကြောင်း၊ ယင်းကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်က တည်ဆောက်ပြီးစီးခဲ့သည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များအနက် ပဲခူးတိုင်းတွင် ၂၂ ရာခိုင်နှုန်းခန့် တည်ဆောက်ပေးခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

အလုပ်မရှိ သန်းရှာနေကြသူများ

- တစ်နိုင်ငံမှ တစ်နိုင်ငံ၏ နိုင်ငံရေး၊ ပြည်တွင်းရေး၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်နှင့် သိက္ခာများကို ထိပါးစော်ကားခြင်းသည် သူတော်ကောင်းတရား မဟုတ်ပါ။
- လောကတွင် အကောင်းအဆိုးဟူသည် ထာဝစဉ်ဒွန်တွဲလျက်ရှိသည်။ မိစ္ဆာဒိဋ္ဌိတို့၏ စံပြုတိုင်းတာချက်သည် လူဦးရေ ၅၅ သန်း ကျော်ရှိသည့်မြန်မာနိုင်ငံသားတို့အား ကိုယ်စားမပြုနိုင်ကြောင်း သချာဗေဒ သဘောတရားအရ ရှင်းလင်းစွာနားလည်သင့်သည်။

သင်ကိုယ်သူ၏ ဆောင်းပါး (စာ - ၄)